# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၅၈)၊ ၁၃၈၇ ခုနှစ် ၊ တပို့တွဲလဆန်း ၉ ရက် ၊ ၂၆-၁-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၅

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ယနေ့နံနက် ၆ နာရီမှစတင်၍သက်ဆိုင်ရာ မြို့နယ်များ၌ ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမဲရုံများအလိုက် မည်သည့်ဖိအားတစ်စုံတစ်ရာမျှ မပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့်သဘောထား ဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် တစ်ခဲနက်ဆန္ဒမဲများပေးကြသည်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချမ်းမြသာစည်မြို့နယ်၌ လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးမေးမြန်းဆွေးနွေး နှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ တနင်္လာနေ့။

မန္တလေး

# အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာမူလတန်း ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့် သင်တန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်ခဲ့သော အင်္ဂလိပ်စာ ဆရာဖြစ်သင်တန်း (ပထမအဆင့်)တွင် ဝါရင့်ပါမောက္ခကြီးရှစ်ဦးက ပထမအဆင့် အင်္ဂလိပ်စာခေါင်းဆောင် ဆရာ၊ ဆရာမများကို မွေးထုတ်ပေးနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မူလတန်းပြ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့် ဆရာဖြစ်သင်တန်း(ပထမအဆင့်) သင်တန်းဆင်းပွဲ၌ ပြောကြားခဲ့သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်ဘာသာစကား အပြောအဆိုတိုးတက်စေရန် Developing Communicative Skills၊ စာသင်ခန်းသုံး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စေရန် Class-room Language၊ အင်္ဂလိပ်စာ သဒ္ဒါကျွမ်းကျင်စေရန် Communicative Grammar နှင့် သင်ကြားရသည့် ဘာသာရပ်ကျွမ်းကျင်စေရန် Familiarizing teachers with contents စသည့် ဘာသာရပ် Module လေးခုကို သင်ကြားပေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အင်္ဂလိပ်စာခေါင်းဆောင်ဆရာဖြစ်သင်တန်း(ဒုတိယအဆင့်)ကိုလည်း ခရိုင်၊ မြို့ယ်အဆင့် ပို့ချသွားမည်ဖြစ်ပါကြောင်း၊ သင်ကြားနည်းပုံစံများအနေဖြင့် ပထမအဆင့်နှင့်တူညီသည်ဟုသိရပြီး သင်တန်းမတက်မီ အရည်အချင်းစစ်စာမေးပွဲ(Entry Behavior Test)နှင့် သင်တန်းဆင်း အရည်အချင်းစစ်စာမေးပွဲ(Terminal Behavior Test)တို့ကို ဒုတိယအဆင့်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တတိယအဆင့်ပင်မသင်တန်း(Main Course)ဖြစ်သော မူလတန်းပြ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိရာမြို့များတွင် မူလတန်းပြဆရာ ဆရာမများအား နာရီပေါင်း ၃၆၀ ကြာ ပို့ချသွားမည်ဖြစ်သည့်အတွက် မူလတန်းပြ ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာ အရည်အသွေး မြင့်တက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က သင်ကြားရေးအစီအစဉ်များကို အသေးစိတ်ဆွေးနွေးမှာကြားသည်။အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ လက်ထောက်ကထိကမှ ပါမောက္ခအဆင့်အထိ အင်္ဂလိပ်စာ ဆရာ၊ ဆရာမ ၃၂၃ ဦး၊ ဆရာအတတ်ပညာဦးစီးဌာနမှ အင်္ဂလိပ်စာပါမောက္ခနှင့် တွဲဖက်ပါမောက္ခ ဆရာ၊ ဆရာမ ၃၆ ဦးနှင့် အခြေခံပညာဦးစီးဌာနမှ အင်္ဂလိပ်စာ ဆရာ၊ ဆရာမ ၁၉၄ ဦး စုစုပေါင်း ၅၅၃ ဦးတို့သည် အွန်လိုင်းစနစ်ဖြင့် နေ့စဉ် ညနေ ၃ နာရီမှ ၅ နာရီအထိ တက်ရောက်သင်ကြားခဲ့ခြင်းဖြစ်သည်။ မူလတန်းပြ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်းကို အဆင့်(၃)ဆင့်ဖြင့် သင်တန်းပို့ချပေးမည်ဖြစ်ပြီး (ပထမအဆင့်) အင်္ဂလိပ်စာခေါင်းဆောင် ဆရာဖြစ်သင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ ဇန်နဝါရီ ၂၃ ရက်အထိ သီတင်းနှစ်ပတ်ကြာ အွန်လိုင်းစနစ်ဖြင့် ဝါရင့်ပါမောက္ခရှစ်ဦးတို့က တက္ကသိုလ်နှင့်ပညာရေးဒီဂရီကောလိပ်များ၊ အထက်တန်းပြ အင်္ဂလိပ်စာခေါင်းဆောင်များကို ပို့ချခဲ့ခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
## ဗဟိုကော်မတီဌာနချုပ်
## သဘောထားထုတ်ပြန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဂမ်ဘီယာနိုင်ငံက နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၊ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကိုထိပါးစေပြီး နိုင်ငံတကာအမြင်တွင် အထင်အမြင်လွဲမှားစေသည့် လုပ်ကြံစွပ်စွဲမှုများအား ကန့်ကွက်ရှုတ်ချအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (Agent Of Myanmar)သည် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၊ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် သမိုင်းရေးဖြစ်စဉ်၊ နိုင်ငံရေးအမြင်များဖြင့် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များအား ဥပဒေနှင့်အညီ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ရင်ဆိုင်ဖြေရှင်းလျက်ရှိနေပါသည်။

ဤသို့မြန်မာကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် နိုင်ငံတော်နှင့် မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်သိက္ခာကိုတာဝန်ယူလျက် ဥပဒေ၊ သက်သေအထောက်အထားများနှင့်အညီ ရင်ဆိုင်ကြိုးပမ်းစွမ်းဆောင်နေမှုများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဂုဏ်ပြုထောက်ခံအပ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ (Agent Of Myanmar)၏ တရားဥပဒေအပေါ် ယုံကြည်မှုအပြည့်အဝဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဖြေရှင်းဆောင်ရွက်နေမှုများအား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြည်သူများနှင့်အတူ တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်

## ညောင်ဦးမြို့နယ် ကျေးရွာလေးရွာ၌ ပြည်ထောင်စုရန်ပုံငွေ (GRF) အစီအစဉ်ဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစွာ ရယူသုံးစွဲနိုင်ရန်အတွက် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာလေးရွာ၌ ပြည်ထောင်စု ရန်ပုံငွေ (GRF) အစီအစဉ်ဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ရေရယူသုံးစွဲမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ(GRF) အစီအစဉ်ဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစွာ ရယူသုံးစွဲနိုင်ရေးအတွက် မြေနဲလေးကျေးရွာ၊ ဆယ်လံကျေးရွာ၊ စည်သာကျေးရွာနှင့် ရေတွင်းညောင်ပင်ကျေးရွာတို့ရှိ စက်ရေတွင်းများတွင် 7.5 KW ဆိုလာ တပ်ဆင်ခြင်း ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာတာဝန်ရှိသူများနှင့် ရေကော်မတီဝင်များကို တွေ့ဆုံ၍ ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများအား အကျိုးရှိရှိ စနစ်တကျ သုံးစွဲကြရန်နှင့် ရေရှည် တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်းကို ကျေးရွာတစ်ရွာလျှင် ပြည်ထောင်စုရန်ပုံငွေ (GRF)စီမံကိန်းမှ ငွေကျပ် ၁၉ ဒသမ ၅ သန်းစီဖြင့် ကျေးရွာရှိ စက်ရေတွင်းများတွင် 7.5 KW ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ရဲဝင်းနိုင်**

၀-၀-၀-၀-၀
၀-၀-၀

## ကျောက်ဆည်တက္ကသိုလ် (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၂၅**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာန၊ ကျောက်ဆည်တက္ကသိုလ်၏ (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှဲ့လှဲ့ဝေ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပါမောက္ခချုပ်က ဘာသာရပ်အလိုက် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့ရရှိသူ ကျောင်းသား၊ ကျောင်းသူ ၆၈၂ ဦး၊ အဝေးရောက်ဘွဲ့ယူသူ ၂၂ ဦးတို့ကို ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားသည်။

ကျောက်ဆည်တက္ကသိုလ်ကို ၂၀၀၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် ဘာသာရပ် ၁၄ ခုကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၀၉၃)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ထိုကဲ့သို့ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုများကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမဲရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ချမ်းမြသာစည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့အတွင်းရှိ သက်ဆိုင်ရာမဲရုံများအလိုက် မဲရုံမှူးတာဝန်ရှိသူများ၏ကွန်ပျူတာစနစ်ဖြင့် မဲစာရင်းများတိုက်ဆိုင်စစ်ဆေးပေးလျက်ရှိမှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာ ပါဝင်ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများအား ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ ကြုံတွေ့ရမှုများ၊ MEVM စက်ဖြင့် ဆန္ဒမဲပေးရာတွင် တွေ့ကြုံရမှုများ၊ မဲရုံဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအား နှုတ်ဆက်သည်။

ထိုကဲ့သို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌကိုယ်တိုင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများအား လိုက်လံကြည့်ရှု အားပေးခဲ့မှုအပေါ် လာရောက်မဲပေးကြသည့်မဲဆန္ဒရှင်ပြည်သူများကလည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတနှင့် အဖွဲ့ဝင်များအား ရင်းနှီးနွေးထွေးစွာ ပြန်လည်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရမှုခံစားချက် အတွေ့အကြုံများနှင့်ပတ်သက်၍ မိမိတို့၏သဘောဆန္ဒအလျောက် ဆန္ဒမဲလာရောက်ပေးကြခြင်းဖြစ်ကြောင်း၊ MEVM စက်ဖြင့် မဲပေးရခြင်းဖြင့် ပိုမိုလွယ်ကူမြန်ဆန်ပြီး မိမိတို့ ဆန္ဒမဲပေးသည့်အတိုင်း မဲစာရင်းစာရွက်များလည်းထွက်ရှိကြောင်း၊ မဲမသမာမှုပြုလုပ်ရန်နှင့် မဲလိမ်မဲခိုးခြင်းများပြုလုပ်ရန် မဖြစ်နိုင်ကြောင်း၊ ဆန္ဒမဲပေးမှုလုပ်ငန်းစဉ်များအားလုံး အဆင်ပြေမှုရှိကြောင်းတို့ကို ရင်းရင်းနှီးနှီး ပြန်လည်ပြောကြားခဲ့ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် မဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးစဉ် လာရောက် သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကိုလည်း လက်ခံဖြေကြားခဲ့ပြီး အပြည့်အစုံမှာ-

**မေး။ အခုဒီနေ့ ရွေးကောက်ပွဲနောက်ဆုံးနေ့လည်းဖြစ်တယ်ဆိုတော့ ဒီဟာနဲ့ပတ်သက်ပြီး ရှေ့ဆက်ပြီး မြန်မာနိုင်ငံအပေါ် ဘယ်လိုများ မျှော်မှန်းထားလဲရှင့်။**

**ဖြေ။** မြန်မာနိုင်ငံက ကျွန်တော်တို့က နဂိုကတည်းက ပြည်သူကရွေးချယ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားဖို့ ရည်ရွယ်ပြီးလုပ်ခဲ့တာ။ ဒီအတိုင်းပဲသွားရမှာ။ ပြည်သူကရွေးချယ်တဲ့လမ်းပဲ။ ကျွန်တော်တို့ရွေးတာမဟုတ်ဘူး။ ပြည်သူကရွေးချယ်တဲ့လမ်း။ ကျွန်တော်တို့လည်း ပြည်သူတွေထဲက အစိတ်အပိုင်း၊ ကျွန်တော်တို့လည်း ဒီဟာကိုထောက်ခံတယ်။ ဒီအတိုင်းပဲ ပါတီစုံဒီမိုကရေစီစနစ်အတိုင်းပဲသွားမယ်။ အနာဂတ်မှာ ကျွန်တော်တို့ သွားပါမယ်။

**မေး။** တချို့ကပြောတာပေါ့နော်။ တပ်ကိုထောက်ခံတဲ့ USDP ပါတီက အနိုင်ရတော့မယ်ပေါ့နော်။ အဲဒါကြောင့် မလို့ဆိုပြီး တချို့ UN expert တွေက ပြောတာပေါ့နော်။ ဒါကိုအသိအမှတ်မပြုဖို့ ဘာညာဆိုပြီးတော့ ပြောတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။

**ဖြေ။** ပြည်သူက သူတို့ မြန်မာပြည်တွင်းမှာနေတဲ့ ပြည်သူတွေမဲပေးတာလေ။ သူတို့အပြင်ကသူတွေ မဲပေးတာမဟုတ်ဘူး။ မြန်မာပြည်တွင်းမှာနေတဲ့သူ မဲပေးတာ။ သူတို့ဘယ်သူ့ပဲ ထောက်ခံထောက်ခံ ကြိုက်တာထောက်ခံလို့ရတယ်။ ပေးတဲ့သူတွေက သူတို့ထောက်ခံချင်တဲ့သူတွေပါလို့ မဲလာပေးတာပေါ့။ သူတို့ထောက်ခံချင်တဲ့သူတွေ မပါဘူးဆိုရင် မဲလာပေးမှာမဟုတ်ဘူး။ မဲလာမပေးခြင်းမှာ နှစ်မျိုးရှိတယ်။ တစ်ပိုင်းကတော့ သူတို့ထောက်ခံချင်တဲ့သူတွေ မပါလို့ မဲလာမပေးတာ။ တစ်ပိုင်းက လုံခြုံမှုအရ လာမပေးတာရှိတယ်။ လုံခြုံမှုဆိုတာ လာဖို့ပြုဖို့အခက်အခဲရှိတယ်။ မဲပေးတဲ့သူတွေကကျတော့ သူတို့ထောက်ခံတဲ့သူတွေရှိလို့ လာမဲပေးတာပေါ့။ အဲဒီမှာ ခုနကခင်ဗျားပြောတဲ့ ပြည်ခိုင်ဖြိုးပါတီလည်းပါတယ်။ တခြား PPP ပါတီလည်းပါတယ်။ ကျားဖြူပါတီလည်းပါတယ်။ ပါတီစုံပါတယ်။ ဒါကြောင့်လည်း မဲပေးတဲ့စာရင်းတွေ ကျွန်တော်တို့ထုတ်ပြန်ပေးပါတယ်။ အဲ့ဒါ သူတို့လွတ်လွတ်လပ်လပ် မဲပေးတာပဲမဟုတ်ဘူးလား။ စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်ကြီးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာပါဝင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တွင်း၊ ပြည်ပမှသတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချမ်းမြသာစည်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာပါဝင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

**ဘယ်အစိုးရတက်တက် တိုင်းပြည်ကောင်းဖို့ပဲ။ ပြည်သူလူထုရဲ့အကျိုးစီးပွားဖော်ဆောင်ဖို့အတွက် တိုင်းပြည်ကို တိုးတက်အောင်ဆောင်ရွက်ပေးဖို့၊ တိုင်းပြည်အေးချမ်းအောင်ဆောင်ရွက်ပေးဖို့၊ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင်လုပ်ပေးဖို့ အစိုးရတစ်ရပ်ကတော့ တာဝန်ရှိတာ။ ဒါကိုကျွန်တော်ရအောင်ကြိုးစားမယ်။ ပြည်သူကလည်းပါဖို့လိုတယ်။ အစိုးရကပဲဦးဆောင်လို့တော့မရဘူး။ အစိုးရကတော့ ရည်မှန်းချက်ထားပြီးလုပ်မှာ။ သို့သော် ပြည်သူကမပါလို့တော့မရဘူး။ ပြည်သူပါအောင်လည်း အစိုးရကလုပ်ရမှာပေါ့။ ပြည်သူကလည်း ပါဖို့တော့လိုတယ်။ ကျွန်တော်တို့က ဒီမိုကရေစီသွားချင်တယ် တောင်းဆိုနေပေမယ့်လည်း ပြည်သူမပါဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါပြည်သူပါမှဖြစ်မှာ။ ပြည်သူကလည်းအရေးကြီးပါတယ်။**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မန္တလေးမြို့ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မန္တလေးမြို့ မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်း သာယာလှပရေးတို့အတွက်လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက် ပွဲ အပိုင်း (၃) ကျင်းပနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် တစ်ခဲနက် လာရောက်ဆန္ဒမဲများ ပေးနေကြသည်ကို တွေ့မြင်ရပြီး လူငယ် လူရွယ်များ၊ လူလတ်ပိုင်း များလည်း အများအပြားပါဝင် ကြကြောင်း၊ လူငယ်လူရွယ်များ အနေဖြင့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုရှိသည်မှာ ကောင်းမွန်သည့် လက္ခဏာပင်ဖြစ်ကြောင်း၊ ထိုသို့ လိုက်လံကြည့်ရှုအားပေးစဉ် မန္တလေးမြို့အတွင်းရှိ လမ်းမကြီး များ၊ လမ်းသွယ်များနှင့် မြို့တွင်း သန့်ရှင်းသာယာလှပမှု ကောင်းမွန် လျက်ရှိသည်ကို တွေ့ရှိရပြီး စည်ပင်သာယာရေးဆိုင်ရာ တာဝန် ရှိသူများ၏ လုပ်ငန်းတာဝန် ကျေပွန်မှု၊ မြို့သူမြို့သားများ၏ စည်းကမ်းစနစ်တကျရှိမှုကြောင့် ဖြစ်သည်ကို ဝမ်းမြောက်အသိ အမှတ်ပြုပါကြောင်း၊ ယခု ရွေးကောက်ပွဲအပိုင်း(၁)၊ အပိုင်း(၂) နှင့်အပိုင်း(၃)တို့ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သဖြင့် လာမည့်မတ်လကုန်တွင် အစိုးရ သစ်တစ်ရပ် တက်လာမည်ဖြစ် ကြောင်း၊ အစိုးရသစ်တစ်ရပ် မဖွဲ့စည်းမီ ကြားကာလအတွင်း မန္တလေးမြို့အနေဖြင့် မြို့သာယာ လှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်း များကိုလည်း ဆက်လက် ဆောင်ရွက်သွားရန် လိုကြောင်း၊ ကြားကာလ နှစ်လတာအတွင်း ဆောင်ရွက် ပြီးစီးနိုင်မည့် မြို့သာယာလှပရေး လုပ်ငန်းများကို

- **အစိုးရသစ်တစ်ရပ် မဖွဲ့စည်းမီ ကြားကာလအတွင်း မန္တလေးမြို့အနေဖြင့် မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည်**
- **ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန်လို၊ ကြားကာလနှစ်လတာအတွင်း ဆောင်ရွက်ပြီးစီးနိုင်မည့် မြို့သာယာလှပရေးလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်**
- **အဓိကလမ်းမကြီးများ၌ လမ်းလယ်မျဉ်းများဆွဲခြင်း၊ လမ်းညွှန်အမှတ်အသားများ အသစ်ပြန်လည်ပြုလုပ်ခြင်းတို့အပါအဝင် အချိန်တိုအတွင်း ပြီးစီးနိုင်မည့်လုပ်ငန်းများကို ဖော်ဆောင်သွားရန်လို၊ လမ်းလယ်ကျွန်းများ၊ ပလက်ဖောင်းများ၌ သဲ၊ မြေကြီးနှင့် အမှိုက်များ ဖုံးနေခြင်းများကိုလည်း ရှင်းလင်းသွားရန်လို**

စာမျက်နှာ ၅ သို့ ✢

✰ စာမျက်နှာ ၃ မှ

ဒါကို နိုင်ငံခြားက အသိအမှတ်ပြုတာ၊ မပြုတာ ကျွန်တော်တို့နားမလည်ဘူး။ ပြည်သူတွေက မဲပေးတာ ကျွန်တော်တို့ အသိအမှတ်ပြုတယ်။ ဒီလိုပဲသွားရမယ်။

**မေး။ နောက်တက်လာတဲ့ အစိုးရအဖွဲ့မှာရော တပ်ချုပ်ကြီးအနေနဲ့ ဆက်ပြီးတော့ပါဖို့ရှိလား။**

ဖြေ။ ကျွန်တော်တော့ ဘာမှပြောလို့ မရသေးဘူးလေ။ ဒါတွေက လွှတ်တော်ခေါ်မှ လွှတ်တော်မှာ သူတို့ ရွေးချယ်တဲ့ နည်းလမ်းတွေဘာတွေ ရှိပါတယ်။ ဒီလိုရှိပါတယ်။

**မေး။ နောက်ဆုံးနေ့လည်း ဖြစ်တယ်ဆိုတော့လေ.. လာမယ့် အစိုးရအသစ်အတွက်ရော ဘာများပြောချင်တာများရှိမလဲရှင့်။**

ဖြေ။ သူတို့ကတိုင်းပြည်ကောင်းအောင် လုပ်ရမှာပေါ့ဗျာ။ ဘယ်အစိုးရတက်တက် တိုင်းပြည်ကောင်းဖို့ပဲ။ ပြည်သူလူထုရဲ့ အကျိုးစီးပွားဖော်ဆောင်ဖို့အတွက် တိုင်းပြည်ကို တိုးတက်အောင် ဆောင်ရွက်ပေးဖို့၊ တိုင်းပြည်အေးချမ်းအောင်ဆောင်ရွက်ပေးဖို့၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင်လုပ်ပေးဖို့ အစိုးရတစ်ရပ်ကတော့ တာဝန်ရှိတာ။ ဒါကို ကျွန်တော်ရအောင်ကြိုးစားမယ်။ ပြည်သူကလည်း ပါဖို့လိုတယ်။ အစိုးရကပဲ ဦးဆောင်လို့တော့မရဘူး။ အစိုးရကတော့ ရည်မှန်းချက်ထားပြီးလုပ်မှာ။ သို့သော် ပြည်သူကမပါလို့တော့မရဘူး။ ပြည်သူပါအောင်လည်း အစိုးရကလုပ်ရမှာပေါ့။ ပြည်သူကလည်း ပါဖို့တော့လိုတယ်။ ကျွန်တော်တို့က ဒီမိုကရေစီသွားချင်တယ် တောင်းဆိုနေပေမယ့်လည်း ပြည်သူမပါဘဲနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒါပြည်သူပါမှ ဖြစ်မှာ။ ပြည်သူကလည်း အရေးကြီးပါတယ်။

**မေး။ အခက်အခဲတွေ အများကြီးနဲ့ နောက်ဆုံးနေ့လည်းဖြစ်တယ်ဆိုတော့လေ။ နိုင်ငံတကာနဲ့ ဒီမြန်မာပြည်သူတွေကိုရော ဘာများ message ပါးချင်တာရှိမလဲရှင့်။**

ဖြေ။ ပြည်သူတွေ တိုင်းပြည်ကောင်းအောင်လုပ်ကြဖို့ပေါ့ဗျာ။ အမြင်ကျယ်ဖို့ပေါ့ဗျာ။ ဒါကိုပြောချင်ပါတယ်။ နိုင်ငံတကာကလည်း မြန်မာနိုင်ငံရဲ့ ပြည်တွင်းအခြေအနေကို အမှန်ကိုလည်း သိဖို့လိုတာပေါ့ဗျာ။ အခုမြန်မာနိုင်ငံကို လာတဲ့ နိုင်ငံခြားက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေလာရင် သူတို့ အပြင်မှာကြားတာနဲ့ မြန်မာနိုင်ငံ ဖြစ်ပျက်နေတဲ့ အခြေအနေ တခြားစီပဲလို့ ပြောတယ်။ လူတိုင်းနီးပါးတော့ အဲဒီအတိုင်းပြောတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့မှာ ဒီကောလာဟလနဲ့ မီဒီယာကနေလုပ်နေတဲ့ဟာတွေ တိုင်းပြည်က ခံနေရတာပေါ့ဗျာ။ တကယ်တော့ ကျွန်တော်တို့မှာလည်းပဲ အခွင့်အရေးတွေ အများကြီးရှိပါတယ်။ အဲဒီအခွင့်အရေးတွေကို အသုံးချနိုင်မယ်ဆိုရင် တိုင်းပြည်တိုးကိုတိုးတက်တယ် ကျွန်တော်ပြောရဲပါတယ်။

**မေး။ ၂၀၁၀ ပြည့်နှစ် ဦးသိန်းစိန် အစိုးရလိုမျိုး ဖြစ်နိုင်ပါ့မလား။ ၂၀၁၀ ပြည့်နှစ်တုန်းက USDP အစိုးရတက်ခဲ့တယ်။ တော်တော်လေး ပြည်သူနှစ်သက်ခဲ့တယ်။ အခု ၂၀၂၅ ခုနှစ် တက်လာမယ့် အစိုးရကိုရော အဲလိုမျိုး မျှော်လင့်လို့ရမလား။**

ဖြေ။ အခု အနိုင်ရတဲ့ပါတီရဲ့ သူ့ကို ပူးပေါင်း ဆောင်ရွက်ပေးမယ့် အခြေအနေ ပတ်ဝန်းကျင်အပေါ်မှာ မူတည်လိမ့်မယ်။ မဟုတ်ဘူးလား။ အဲဒီ ဦးသိန်းစိန်သမ္မတကြီး တာဝန်ယူတဲ့ အချိန်တုန်းက သူတို့လုပ်တာတော့ လုပ်တယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း အတိုက်အခံတွေရှိတယ်။ အဲဒီအတိုက်အခံတွေက တိုင်းပြည်ကို ကောင်းအောင်လုပ်ဖို့အတွက် သွားတယ်ဆိုရင်တော့ တစ်မျိုးပေါ့။ တိုင်းပြည်ကောင်းအောင် မဟုတ်ဘဲနဲ့ အနုတ်လက္ခဏာဆောင်အောင် သွားလုပ်တယ်ဆိုရင်တော့ နည်းနည်း ခက်တော့ ခက်မယ်။ ဘယ်အစိုးရတက်တက် ဒါကတော့ ဘယ်အစိုးရတက်တက်။

**မေး။ စိန်ခေါ်မှုချင်းကတော့ မတူဘူးပေါ့။ အဲဒီအခင်းအကျင်းက တော်တော်လေး သပ်သပ်ရပ်ရပ်ရှိတယ်။ အခု အခင်းအကျင်းက တော်တော်လေး ဗရုတ်ဗရက်နိုင်နေတာကို ထိန်းသိမ်းရမှာဆိုတော့လေ။ ပိုပြီးတော့ခက်မလားလို့။**

ဖြေ။ ဗရုတ်ဗရက်ဆိုတာ တည်ငြိမ်အေးချမ်းမှုမရှိဘူး။ မှန်ပါတယ်။ ဒါတော့မှန်ပါတယ်။ အမြင်ကျယ်ဖို့၊ ဒါကြောင့် ခုနကပြောတဲ့ တိုင်းပြည်အမြင်ကျယ်ဖို့လိုပါတယ်လို့ ကျွန်တော်ပြောတာ။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများအား သွားရောက်မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော် ၉၈ နှစ် ဝါတော် ၇၈ ဝါရှိသက်တော်ရှည် ဆရာတော်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာများနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများအား မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအား အမြဲမပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

---

✢ စာမျက်နှာ ၄ မှ

ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ အဓိက လမ်းမကြီးများ၌ လမ်းလယ်မျဉ်းများ ဆွဲခြင်း၊ လမ်းညွှန် အမှတ်အသားများ အသစ်ပြန်လည် ပြုလုပ်ခြင်းတို့ အပါအဝင် အချိန်တိုအတွင်း ပြီးစီးနိုင်မည့် လုပ်ငန်းများကို ဖော်ဆောင်သွားရန် လိုကြောင်း၊ လမ်းလယ်ကျွန်းများ၊ ပလက်ဖောင်းများ၌ သဲ၊ မြေကြီးနှင့် အမှိုက်များ ဖုံးနေခြင်းများကိုလည်း ရှင်းလင်းသွားရန် လိုကြောင်း၊ လမ်းများသန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေဖြင့် စနစ်တကျ ဆေးကြောခြင်း ဦးစွာဆောင်ရွက်ပြီးမှ သာလျှင် ဆေးသုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ ပလက်ဖောင်းများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ ရေဝင်၊ ထွက်ပေါက်များ ပိတ်ဆို့မှုမရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို လည်း ဆောင်ရွက်သွားရန် လိုကြောင်း။

မန္တလေးမြို့အတွင်း လေထုညစ်ညမ်းမှုကိုလည်း စစ်ဆေးဆောင်ရွက်သွားရန်လိုပြီး ပြန်လည်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန် လိုကြောင်း၊

- ☆ နိုင်ငံတော်၏ ပညာရေးကို မြှင့်တင်နိုင်ရေးအတွက် သင်ကြားရေးတာဝန် ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဦးစွာမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်
- ☆ မိမိတို့နိုင်ငံတွင် အများစုအားဖြင့် အစိုးရကျောင်းများကိုသာ အဓိကအားထားနေရခြင်းဖြစ်သဖြင့် ပညာရေးဝန်ထမ်းများ၏ စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်ပေးသွားရမည်
- ☆ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်သည်ဖြစ်သောကြောင့် ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်

ကျောင်းများ၌ သန့်ရှင်းရေး ဆောင်ရွက် ထားသည်မှာလည်း ကောင်းမွန်သည်ကို တွေ့မြင်ရသဖြင့် အသိအမှတ်ပြုပါကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ စည်းကမ်း စနစ်တကျရှိမှုကို ပြသနေခြင်းပင် ဖြစ်ကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ ဆရာ ဆရာမများ၏ သင်ကြားရေး စွမ်းရည်ကိုလည်း သင်တန်းများပေး၍ မြှင့်တင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိရှိ အသုံးချနိုင်ရေး အတွက်လည်း ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာ အခြေခံသင်တန်းများ အပြင် အခြားအကျိုးရှိစေမည့် နွေရာသီသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်စီမံထားရန် လိုကြောင်း၊ တပ်မတော်မှလည်း ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်(အခြေခံ)နှင့် (တန်းမြင့်) သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ပညာရေးတွင်လည်း ဆရာ ဆရာမများ မွေးထုတ်ပေးလျက်ရှိသည့် ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်သင်တက္ကသိုလ်များအဖြစ် ပြောင်းလဲဖွင့်လှစ်ပေးနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက် ရှိကြောင်း၊ ဘွဲ့အဆင့် သတ်မှတ်ချက်များ၊ ပညာရပ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များအလိုက် ခံစားခွင့်များတိုးမြှင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေးကို မြှင့်တင်နိုင်ရေးအတွက် သင်ကြားရေးတာဝန် ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဦးစွာမြှင့်တင်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အများစုအားဖြင့် အစိုးရကျောင်းများကိုသာ အဓိက အားထားနေရခြင်းဖြစ်သဖြင့် ပညာရေးဝန်ထမ်းများ၏ စွမ်းရည်ကို မြှင့်တင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင်ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို အကောင်အထည်ဖော်တည်ဆောက်နိုင်ရေးအတွက်ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေ လိုအပ်သည်ဖြစ်သောကြောင့် ပညာရေးကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

မန္တလေးတိုင်းအနေဖြင့် ဆီထွက်သီးနှံအဓိကထွက်ရှိပြီး အထွက်နှုန်းများ တိုးမြှင့်ရရှိရေး အလေးထားဆောင်ရွက်သွားရန် လိုကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး တိုင်းပြည်စီးပွားရေးကောင်းမှသာ ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းလာမည်ဖြစ်ပြီး လည်ပတ်ရင်းနှီးငွေ များပြားခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အဓိကဖြစ်ထွန်းအောင်မြင်သည့် ဆီထွက်သီးနှံနှင့် ပဲသီးနှံတို့ကို ယခုထက် မည်ကဲ့သို့ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ကို ကော်မတီဖွဲ့စည်း၍ စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ စက်မှုဇုန်များ၌ MSME လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ MSMEလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့လို့သာလျှင် နိုင်ငံတော်၏စီးပွားရေးသည် အပေါင်းလက္ခဏာဘက်သို့ ပြန်လည် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အသက်ပင်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် အရည်အသွေး ပြည့်မီသည့် ဈေးကွက်ဝင် MSME ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်သွားရမည် ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး အနေဖြင့် အစိုးရအဖွဲ့၏ ကြိုးပမ်းအားထုတ်မှု၊ ဒေသခံများ၏ စည်းကမ်းစနစ်တကျရှိမှုနှင့် အလုပ်လုပ်ကိုင်လိုစိတ်ရှိမှုတို့ကြောင့်ဖွံ့ဖြိုးတိုးတက်မှုများ များစွာကိုမြင်တွေ့ရသဖြင့် ဝမ်းမြောက်အသိအမှတ်ပြုပါကြောင်း၊ ယခုကဲ့သို့ကောင်းမွန်သည့် အချက်အလက်များကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်၍ နောင်တက်လာမည့်အစိုးရကို ကောင်းမွန်စွာ လက်ဆင့်ကမ်းနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှုဇုန်အတွင်း ရော်ဘာထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး နှင့် တာဝန်ရှိသူများ၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှု**

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁) နှင့် (၂)အား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အပိုင်း(၃)ကို ယနေ့တွင် ကျင်းပပြုလုပ်လျက်ရှိနေပြီဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအပိုင်း(၃) ကျင်းပနေမှုများကိုမိမိအနေဖြင့်လှည့်လည်ကြည့်ရှုခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တက်တက်ကြွကြွဖြင့် ဆန္ဒမဲများပေးနေသည်ကိုတွေ့ရှိရပြီး ထိုအထဲတွင် လူငယ်လူရွယ်များ၊ လူလတ်ပိုင်းများလည်း များစွာ ပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁) နှင့်(၂)တွင် ပျမ်းမျှအားဖြင့် ပြည်သူလူထု ၅၅ ရာခိုင်နှုန်းခန့် ဆန္ဒမဲများ ပေးကြောင်းသိရသဖြင့် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ခုဟု သတ်မှတ်နိုင်ပြီး ရွေးကောက်ပွဲ အပေါ်စိတ်ဝင်စားမှုကို တွေ့မြင်ရကြောင်း။

မိမိတို့နိုင်ငံ၏ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အနိုင်ရရှိခဲ့ကြောင်း၊ ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ဆက်တွင် ပြည်သူလူထုအနေဖြင့် ဆန္ဒမဲပေးကြသည့် အတွေ့အကြုံများ ထိုက်သင့်သလောက်ရှိလာပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့သောကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ လူမှာကတိ၊ မင်းမှာ သစ္စာရှိသည်နှင့်အညီ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ထားသည့်အတိုင်း မိမိတို့အနေဖြင့် စစ်မှန် စည်းကမ်းပြည့်ဝပြီး လွတ်လပ်၍တရားမျှတမှုရှိသည့် ရွေးကောက်ပွဲတစ်ခု ပြန်လည်ကျင်းပနိုင်ရေး စီမံဆောင်ရွက်ခဲ့ပြီး မဲမသမာမှုများဖြစ်ပေါ်မှု မရှိစေရေးအတွက် Myanmar Electronic Voting Machine (MEVM) စက်များကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲမသမာမှုမရှိသောရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ ဖြစ်စေရန်နှင့် ဆန္ဒမဲပေးကြသည့် ပြည်သူလူထုများ၏ ဆန္ဒအမှန်ဖြင့် လိုလားသည့်ရလဒ်များ ထွက်ပေါ်လာစေရန်ပင်ဖြစ်ကြောင်း။

အသက် ၁၈ နှစ်ပြည့်ပြီးသူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆန္ဒမဲပေးနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံး ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင် ပြည်သူများ၏ ရပိုင်ခွင့်ပင်ဖြစ်ကြောင်း၊ အချို့နိုင်ငံများတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်၌ ဆန္ဒမဲပေးသူနည်းပါးသည့်နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့ကျင်းပနေသည့် ရွေးကောက်ပွဲတွင်လည်း ဆန္ဒမဲပေးနိုင်သူ၏ ထက်ဝက်ကျော် ဆန္ဒမဲများ ပေးခဲ့ကြသဖြင့် ရွေးကောက်ပွဲအောင်မြင်သည်ဟု ဆိုနိုင်ကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပအပြီး အနိုင်ရရှိသည့် အစိုးရအဖွဲ့အား နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ **မိမိတို့အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုအောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များလည်း လာရောက်လေ့လာခဲ့ကြကာ အပြုသဘောဆောင်သည့်မှတ်ချက်များစွာကိုလည်း ရရှိခဲ့ကြောင်း၊** မိမိတို့ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပြီး ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပါဝင်ထမ်းဆောင်ခဲ့ကြသူများ အားလုံးကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း။

နိုင်ငံ့အရေးနှင့် နိုင်ငံရေးတို့ကို ဆောင်ရွက်ရာတွင် အားနှင့်မာန်နှင့် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် ပါတီများ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းခွင့်များပေးခဲ့ပြီး ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီကြီးများ ရှိသကဲ့သို့ ဒေသအလိုက် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများလည်း ရှိကြောင်း။

**တပ်မတော်၏ အခန်းကဏ္ဍ**

တပ်မတော်သည် နိုင်ငံတော်တွင် အခိုင်အမာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်ရေးရရှိကတည်းကပင် ယနေ့အချိန်အထိ တည်ရှိနေသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ မည်သို့ပင်ပြောင်းလဲခဲ့သည်ဖြစ်သော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဒွိတာဝန် အရေးသုံးပါးဦးထိပ်ထားလျက် ယနေ့ထက်တိုင် မမှိတ်မသုန် ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်၏ ပြည်ပရန်ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လွတ်လပ်ရေး ရရှိပြီးချိန်မှစ၍ ဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေးများကိုခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ထိန်းသိမ်းဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်ဖြစ်သော်လည်း လိုအပ်ချက်အရ တပ်မတော်မှ ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကို ပြည်ပရန်မှ ကာကွယ်ရေးအတွက် တပ်မတော်ကို စဉ်ဆက်မပြတ် စွမ်းရည်၊ စွမ်းပကားများ မြှင့်တင်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့အား ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့်တပ်မတော်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့်တပ်မတော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အရည်အချင်းပြည့်ဝရန်အတွက် လေ့ကျင့်သားပြည့်ဝနေရန်လိုပြီး တပ်မတော်သားတစ်ဦးချင်းအနေဖြင့်ကျန်းမာကြံ့ခိုင်ရမည်၊ တိုက်ရည်ခိုက်ရည်ရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်၊ စစ်နည်းဗျူဟာနှင့် စစ်လက်နက်ပစ္စည်းများအပေါ် ကျွမ်းကျင်မှုရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးချင်းစီအလိုက်၊ တပ်၊ ဌာနချုပ်များအလိုက် တိုက်ပွဲဝင် အသင့်ဖြစ်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုကြောင်း။

လုပ်ငန်းများကို ထမ်းဆောင်ရာတွင် ကံ၊ ဉာဏ်၊ ဝီရိယများ ပေါင်းစပ်၍ မိမိတို့ တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရန် လိုကြောင်း၊ ကောင်းသည့်အလုပ်ကို လုပ်မည်ဆိုပါက ကောင်းကျိုးကို ခံစားနိုင်မည်၊ မကောင်းသည့် အလုပ်ကို လုပ်ပါက မကောင်းကျိုးကို ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်၍ ကျွမ်းကျွမ်းကျင်ကျင် အသုံးချ ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် စစ်သားကောင်း တစ်ယောက်ပီသစွာ တာဝန်ထမ်းဆောင်ကြရန် လိုပြီး

**စာမျက်နှာ ၇ သို့ ★**

★ စာမျက်နှာ ၆ မှ

ထိုသို့ ဆောင်ရွက်မှသာလျှင် တစ်ဦးချင်းစီ၏ အရည်အသွေးများ တက်လာမည်ဖြစ်ပြီး နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို လည်း ကျေပွန်စွာထမ်းဆောင် နိုင်မည်ဖြစ်ကြောင်း၊ စွမ်းရည် စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အလိုက် နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်လာနေသည့် နည်းပညာများနှင့်အညီ စစ်အသုံးအဆောင်ပစ္စည်းများ တပ်ဆင်ပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်ရှိသင့်ရှိထိုက်သည်များကို ဖြည့်တင်းပေးနေရမည်ဖြစ်သကဲ့သို့ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်လည်း စစ်သည်တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့ တစ်ဖွဲ့ချင်းစီအလိုက်မှစ၍ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ တိုက်ရည် ခိုက်ရည်နှင့် ရဲစွမ်းသတ္တိရှိစေရေး၊ စစ်နည်းဗျူဟာနှင့် စစ်လက်နက်ပစ္စည်းများအပေါ် ကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်ပေးနေရမည်ဖြစ်ကြောင်း၊ အလားတူ နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာနှင့် စစ်နည်းဗျူဟာများကိုလည်း ခေတ်နှင့်အညီ အသုံးချနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့်တပ်မတော်တစ်ရပ်ကို တည်ဆောက်သွားမည်ဆိုပါက မိမိတို့ နိုင်ငံအပေါ်မည်သူကမျှ မလေးမစားပြုလုပ်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့်စွမ်းရည် စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်ကို အမြဲတမ်းဆက်လက်ကြိုးပမ်းတည်ဆောက် သွားကြရမည်ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် တပ်မတော်၌ အမျိုးသမီးစစ်မှုထမ်းများသည်လည်း အမျိုးသားများနှင့်ရင်ပေါင်တန်း၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များအရ မိမိတို့နိုင်ငံတွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍နိုင်ငံတော်တွင် အမျိုးသမီးများ၏ လုပ်အားမှာ မနည်းသည်ကို တွေ့မြင်နိုင်ကြောင်း၊ တပ်မတော်သားမိသားစုဝင် မှီခိုသူမိသားစုများ အချင်းချင်းအနေဖြင့် ညီရင်းအစ်ကို၊ မောင်ရင်းနှမ စိတ်ဓာတ်မွေး၍ စည်းလုံးညီညွတ်စွာဖြင့်နေထိုင် ဆောင်ရွက်ကြရန် လိုကြောင်း၊ စစ်သည်အင်အားနှင့် ရဲမေအင်အားများ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစုမှာ များစွာတောင့်တင်းခိုင်မာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး စုစည်းညီညွတ်သည့်အားကို တန်ဖိုးထားဆောင်ရွက်ကြရန်လိုကြောင်း။

★ တပ်မတော်သည် နိုင်ငံတော်တွင် အခိုင်အမာဆုံးသော အဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်ရေး ရရှိကတည်းကပင် ယနေ့အချိန်အထိတည်ရှိနေသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်

★ နိုင်ငံတော်တွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ မည်သို့ပင်ပြောင်းလဲခဲ့သည်ဖြစ်သော်လည်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားလျက် ယနေ့ထက်တိုင် မမှိတ်မသုန် ထမ်းဆောင်နေခြင်းဖြစ်

★ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ ပြည်ပရန်ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သို့သော်လည်း လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ဖြစ်ပေါ်လာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေးများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရ

အရာရှိ စစ်သည်များအနေဖြင့် ခေတ်နှင့်အညီပြောင်းလဲတိုးတက်နေသည့် သိပ္ပံနှင့် နည်းပညာများကိုလည်း လေ့လာနေကြရန် လိုကြောင်း၊ ဗဟုသုတများရရှိစေပြီး အသိအမြင်များတိုးပွားလာစေရေး၊ မိမိတို့တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာခြင်းများကို ဆောင်ရွက်သွားကြရန် လိုကြောင်း၊ စာပေဖတ်မှတ်လေ့လာခြင်းအားဖြင့် တစ်ဦးချင်းစွမ်းရည်များတိုးမြင့်လာနိုင်မည်ဖြစ်ပြီး တစ်ဦးချင်းစွမ်းရည်မှ တပ်မတော်တစ်ရပ်လုံး၏ စွမ်းရည်များ တိုးတက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်၏ ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်း နောက်ခံအကြောင်းအရာများကို မှန်မှန်ကန်ကန်သိမြင် ရှုမြင် သုံးသပ်နိုင်ရေးအတွက်လည်း စာပေများ ဖတ်ရှုကြရန် လိုကြောင်း၊ တပ်မတော်၏ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နေရမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် ခေတ်အဆက်ဆက် ဆောင်ရွက်ချက် သမိုင်းကြောင်းများကိုလည်း လေ့လာကြရန် လိုကြောင်း၊ နိုင်ငံတော်ကို ဦးဆောင်ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ သမိုင်းကြောင်းများကို လည်း လေ့လာကြရန်လိုကြောင်း၊ ထိုသို့ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့ တပ်မတော်၏ တာဝန်ထမ်းဆောင်ရမှုများကိုလည်း မှန်မှန်ကန်ကန်ဖြင့် သိရှိနားလည်လာမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ကြေးများနှင့် သက်စွန့်ဆံဖျား စားရိတ်များ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ နေရေး၊ စားရေးနှင့် ဝတ်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် လည်း လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိနေကြောင်း၊ တပ်မတော်အကြီးအကဲ တစ်ဦးအနေဖြင့် မိမိဦးဆောင် ကွပ်ကဲအုပ်ချုပ်နေရသည့် အဖွဲ့အစည်းနှင့် မိမိတပ်ဖွဲ့ဝင်များကို မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်ပေးရမည်ကို အမြဲမပြတ်စဉ်းစား၍ လိုအပ်သည်များစီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တွင် ကျရောက်လာနိုင်သည့် မည်သည့်အန္တရာယ်ရန်စွယ်ကိုမဆိုကာကွယ်ရန်တာဝန်ရှိသည်ဖြစ်သဖြင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်များ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



## လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နမ့်စန် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်အဆင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းခိုင်က ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၏ရည်ရွယ်ချက်များ၊ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားစေရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော နည်းဗျူဟာများ၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်များ၊ ကာကွယ်ဆေးများထိုးနှံလွှမ်းခြုံမှုအခြေအနေနှင့် ၂၀၂၆ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျန်းမာရေးဝန်ထမ်းများက မိမိတို့ကျန်းမာရေးဌာန၊ ဌာနခွဲများအလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကြုံတွေ့ရသည့်အခက်အခဲများနှင့် အားနည်းချက်များကို ပြန်လည်တင်ပြဆွေးနွေးကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ဦးဇေယျာဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာအောင်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မျိုးမင်းခိုင်နှင့် နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့တို့ရှိ ကျန်းမာရေးဌာန၊ ဌာနခွဲများမှ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

**စဉ့်ကိုင် ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ရွာသစ်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက အဆိုပါကျေးရွာ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ အရင်း၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေ ကျပ်သန်း ၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၀ဒသမ၂သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ၁၆ ဒသမ ၄သန်းနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၃ ဒသမ ၄သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ငွေကျပ် သန်း ၃၀ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခဲ့ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

**(အောက်ပုံ)**

**(ဝ၄ဝ)**



# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) သို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)သို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၅

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃) သို့လာရောက်လေ့လာခဲ့ကြသည့်နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ညစာစားပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်နှင့် International Conference of Asian Political Parties (ICAPP) အဖွဲ့မှကိုယ်စားလှယ်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲ၏ အရေးကြီးသည့် မှတ်တိုင်တစ်ခုဖြစ်သည့် ရွေးကောက်ပွဲ အပိုင်း (၃) ကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အဆွေတော်တို့၏ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ချီးကျူးမှတ်တမ်းတင်သည့် အနေဖြင့် ယနေ့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲ ကျင်းပသည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပါဝင်၍ စောင့်ကြည့်လေ့လာခဲ့ကြသည့်အတွက် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့၏ စောင့်ကြည့်လေ့လာမှုသည် လွတ်လပ်မှုနှင့် တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုကို ခိုင်မာစေရုံသာမက ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲတွင် ပါဝင်သူအားလုံး၏ ယုံကြည်မှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးတာဝန်ထမ်းဆောင်ကြသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသူများ၊ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်ဖြင့် လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ကြိုးစားအားထုတ်မှုများကို အဆွေတော်တို့အနေဖြင့် မျက်ဝါးထင်ထင် မှတ်ကျောက်တင်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ပြည်သူများ၏ စိတ်အေးချမ်းသာယာ၊ ပျော်ရွှင်တက်ကြွစွာနှင့် နိုင်ငံ့အနာဂတ်အတွက် မဲပေးနေမှုများကို တွေ့မြင်သိရှိခဲ့ကြပြီးဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားကတစ်ဆင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် နားလည်မှုကို ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့် အဆွေတော်တို့၏ လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်း စောင့်မျှော်နေပါကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မှုသည် မြန်မာနိုင်ငံ၏ ကောင်းမွန်သည့် အရွေ့တစ်ခုကို ဖော်ဆောင်နိုင်ခြင်း ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ အပိုင်း ၃ ပိုင်းလုံးကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် တက်ရောက်လာကြသည့် အဆွေတော် တစ်ဦးတစ်ယောက်ချင်းစီကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် ညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအကအဖွဲ့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဖျော်ဖြေတင်ဆက်မှု အပြီးတွင် အနုပညာဦးစီးဌာန အဖွဲ့များကို ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပနေမှု နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများ လေ့လာကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာ သံရုံးများမှသံတမန်များ၊ တာဝန်ရှိသူများသည် ယနေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃ ) ကျင်းပနေသည့် ရန်ကုန်မြို့ရှိ မဲရုံများသို့ သွားရောက်၍ မဲရုံမှူးများ၊ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံကာ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာ အသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ ပြည်တွင်းအခြေစိုက် နိုင်ငံတကာ သံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနေမှုများကို ပါဝင်စောင့်ကြည့်လေ့လာခဲ့ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့်အတူ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖြစ်ကြသည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ Ms. Volha N. Chamadanova ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Mr. Yich Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီပေါနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Dr. Janaki Kumari Tuladhar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Ms. Yusti Erlina ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Mr. Nguyen Xuan Loc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ Ms. Rami Niranjan Desai၊ International Conference of Asian Political Parties (ICAPP) အဖွဲ့မှ Dr. Chheng Kimlong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မဲရုံအမှတ် (၂)၊ လမ်းမတော်မြို့နယ် အမှတ် (၈)ရပ်ကွက် မဲရုံအမှတ်(၁)၊ သာကေတမြို့နယ် အမှတ် (၇) ရပ်ကွက်(အနောက်) မဲရုံအမှတ် (၁) နှင့် မဲရုံအမှတ် (၂) တို့၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် (၆၁) ရပ်ကွက် မဲရုံအမှတ် (၁)၊ တာမွေမြို့နယ် နတ်မောက်ရပ်ကွက် မဲရုံအမှတ်(၁)၊ ဗျိုင်းရေအိုးစဉ်ကွက်သစ်ရပ်ကွက် မဲရုံအမှတ် (၁)၊ ရန်ကင်းမြို့နယ် အမှတ် (၁၄) ရပ်ကွက် မဲရုံအမှတ်(၁)တို့၌လည်းကောင်း မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒပြုမဲပေးရွေးချယ်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာစံနှုန်းများ၊ အလေ့အကျင့်ကောင်းများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်နေမှုများကို လေ့လာစောင့်ကြည့်ကြပြီး မဲရုံမှူးများ၊ တာဝန်ရှိသူများ၊ မဲဆန္ဒရှင်ပြည်သူများကို တွေ့ဆုံ၍ ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။



နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လမ်းမတော်မြို့နယ် အမှတ်(၈) ရပ်ကွက် မဲရုံအမှတ်(၁)တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကျင်းပ
# မန္တလေးတိုင်းဒေသကြီး မြို့နယ် (၈) မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲပေး



မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ ဆန္ဒမဲပေးနေကြသည်ကို တွေ့ရစဉ်။

မန္တလေး ဇန်နဝါရီ ၂၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)ကို ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိရွေးကောက်ပွဲကျင်းပရန် ကြေညာထားသည့် မြို့နယ်ပေါင်း ၆၁ မြို့နယ်၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမဲဆန္ဒရှင်ပြည်သူများ အနေဖြင့်လည်း သတ်မှတ်မဲရုံအသီးသီး၌ စိတ်အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲများ ပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှ စတင်၍ စနစ်တကျဖွင့်လှစ်ပေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကာ ဆန္ဒမဲများပေးခဲ့ကြသည်။ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရေးအတွက် မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲအပိုင်း(၃)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပိတ်ကျင်းမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မြစ်သားမြို့နယ်၊ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ မလှိုင်မြို့နယ်နှင့် ငါန်းဇွန်မြို့နယ် စသည့်မြို့နယ် ရှစ်မြို့နယ်တို့ပါဝင်ပြီး အဆိုပါ မြို့နယ်ရှစ်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ခြောက်သိန်းကျော်အတွက် မဲရုံပေါင်း ၅၅၆ ရုံကို စနစ်တကျဖွင့်လှစ်ထားရှိကာ နိုင်ငံရေးပါတီ ကိုးခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်သုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံကြကြောင်း သိရသည်။

ချမ်းမြသာစည်မြို့နယ် မဲရုံအမှတ်(၁) တွင် တာဝန်ကျသည့် မဲရုံမှူး ဦးနိုင်ဦးကလည်း "ကျွန်တော်တို့ မဲရုံကို လွန်ခဲ့တဲ့ ရက်သတ္တပတ်ကတည်းက ပူးပေါင်းအဖွဲ့တွေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားပါတယ်။ မဲရုံမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၆၇၁ ဦး ရှိပါတယ်။ မဲရုံမှာ တာဝန်ထမ်းဆောင်သူကတော့ ၁၅ ဦးရှိပါတယ်။ မဲရုံမှာ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ဖို့ စနစ်တကျ ဆောင်ရွက်ထားပါတယ်။ နောက်ပြီး အမိုးအကာတွေနဲ့ ထိုင်ခုံတွေ၊ ရေဘူးတွေ၊ အစားအသောက်တွေလည်း ပြင်ဆင်ပေးထားပါတယ်။ မဲပေးစက်အနေနဲ့ လေးလုံးရှိပါတယ်။ မဲရုံမှာ နံနက် ၆ နာရီကနေ ညနေ ၄ နာရီအထိ မဲပေးလို့ရပါတယ်။ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးရဲ့ အပိုင်း(၃)မှာ မဲရုံမှူးအနေနဲ့ တာဝန်ထမ်းဆောင်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောသည်။

မဲလာရောက်ပေးသည့် ဦးကံစိန်က "ကျွန်တော့် အသက်က (၈၀) ပါ။ မနက် ၅ နာရီ အစောထပြီး မဲရုံကို ဆန္ဒမဲ လာရောက်ပေးခြင်း ဖြစ်ပါတယ်။ ကျွန်တော် မဲပေးလာတဲ့ အတွေ့အကြုံအရ အခုလို မဲပေးစက်နဲ့ မဲပေးရတာ အလွန်ကိုလွယ်ကူပါတယ်။ အရင်တုန်းကတော့ အမှန်ကို ခြစ်ရတာပေ့ါ။ အခုကတော့ ခလုတ်နှိပ်လိုက်တော့ လွယ်ကူလျင်မြန်တာပေ့ါ။ နိုင်ငံကို ခေါင်းဆောင်နိုင်မယ်ထင်တဲ့ ပါတီကို မဲပေးခဲ့ပါတယ်" ဟု ပြောသည်။

ယခုရွေးကောက်ပွဲတွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM) ကို အသုံးပြုသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်ဘေးရှိ ခလုတ်ကိုနှိပ်၍ လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးခဲ့ကြသည်။

မဲလာရောက်ပေးသည့် မသန္တာလွင်က " ကျွန်မအနေနဲ့ မဲပေးလာတာ အခုနဲ့ဆို သုံးကြိမ်ရှိပါပြီ။ အခုနောက်ဆုံးပေးတဲ့အခါမှာတော့ မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် ပိုမိုစနစ်ကျပြီး update ဖြစ်တယ်လို့ ခံစားရပါတယ်။ နောက်ပြီး ပိုမိုမြန်ဆန် တိကျတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ စက်ခလုတ်ကိုလည်း အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်နေရာတွေအတွက် သုံးကြိမ်နှိပ်ပြီး မဲပေးခဲ့ရပါတယ်။ မဲရုံအတွင်းမှာလည်း မဲရုံတာဝန်ရှိသူတွေက လိုအပ်တာတွေကို အဆင်သင့်ကူညီဆောင်ရွက်ပေးကြပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ပါတီကိုမဲပေးရတဲ့အတွက်လည်း စိတ်ထဲမှာကျေနပ်မိပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့လည်း တာဝန်ကျေပွန်ပြီလို့ ခံစားရပါတယ်" ဟု ပြောသည်။


ဦးနိုင်ဦး (မဲရုံမှူး)


ဦးကံစိန်



မသန္တာလွင်


မမီမီစိုး


မဖြိုးဖြိုး


မောင်ရွှန်းလင်းထက်

မဲလာရောက်ပေးသည့် မမီမီစိုးကလည်း "ကျွန်မအနေနဲ့ ဆန္ဒမဲပေးလာတာ အခုနဲ့ဆို ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပထမအကြိမ်တုန်းကတော့ ကိုယ်တိုင်လက်နဲ့ခြစ်ပြီး ပေးခဲ့ရတာပေ့ါ။ အခုကတော့ စက်မှာ ခလုတ်ကလေးနှိပ်ရုံပဲဆိုတော့ အတော်လေး အဆင်ပြေပါတယ်။ တချို့အသက်ကြီးတဲ့ သူတွေကျတော့ လက်နဲ့မဲပေးရင် လွဲသွားတာတွေ ရှိတယ်။ အခုကျတော့ စက်နဲ့ဆိုတော့ အဆင်ပြေပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ ပါတီကို စိတ်ကြိုက်မဲပေးခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကိုယ်မဲပေးတဲ့သူ နိုင်ခဲ့ရင်လည်း ပြည်သူလူထုလည်း ပျော်ရမှာပါ။ အားလုံးကိုစိတ်အေးချမ်းသာစွာနဲ့ အေးအေးဆေးဆေးပဲဖြစ်ချင်ပါတယ်။ မဲပေးပြီးတော့ ကိုယ့်လက်သန်းမှာ မင်စွန်းနေတာ ကြည့်ပြီးလည်း ကိုယ့်နိုင်ငံအတွက် ဝမ်းသာပျော်ရွှင်မိပါတယ်" ဟု ပြောသည်။

အလားတူ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့ လျင်မြန်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက်လည်း မဲစာရင်းများ ရှာဖွေမှု လွယ်ကူစေရန် မဲရုံအမှတ်၊ မဲရုံအမှတ်စဉ်များ ကြိုတင်ဖြန့်ဝေပေးခြင်း၊ တာဝန်ရှိသူများက Tablet ဖြင့် ရှာဖွေပေးခြင်းနှင့် မဲစာရင်းစစ်ဆေးရာတွင် ကြန့်ကြာမှုမဖြစ်စေရေး အတန်းလိုက်၊ တာဝန်ခွဲဝေ၍ ရှာဖွေပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် မဲဆန္ဒရှင်ပြည်သူများ အချိန်ကုန်သက်သာစွာဖြင့် စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရသည်။

မဲပေးမှု နောက်ဆုံးသတ်မှတ်ပေးထားသည့် ညနေ ၄ နာရီတွင် မဲရုံများပိတ်သိမ်းပြီးနောက် မဲပေးစက်မှ ထွက်ရှိလာသော ရလဒ်များကို သက်ဆိုင်ရာမဲရုံအသီးသီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်၌ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

မဲလာရောက်ပေးသည့် မဖြိုးဖြိုးကလည်း "ကျွန်မအသက်က (၂၅) နှစ်ပါ။ မဲပေးတာ နှစ်ကြိမ်ကြုံတွေ့ဖူးပါတယ်။ အခု ဒုတိယအကြိမ်မှာတော့ မဲပေးစက်နဲ့ဆိုတော့ ပိုမိုလွယ်ကူပါတယ်။ အဓိကကတော့ ကျွန်မတို့ လူငယ်တွေအတွက် စိတ်လုံခြုံမှုပေးနိုင်တဲ့ သူကို ရွေးပြီး မဲပေးခဲ့ပါတယ်။ နောက်ပြီး ပညာရေးအပိုင်းကိုလည်း အဓိက ထောက်ပံ့ပေးစေလိုပါတယ်။ ပညာရေးပိုင်းမှာသာ သေချာထောက်ပံ့ပေးမယ်ဆိုရင် တော်တဲ့လူငယ်တွေ ထွက်ပေါ်လာမှာပါ။ မဲပေးရတာလည်း စိတ်ကြိုက်ပေးခွင့်ရခဲ့ပါတယ်။ မဲရုံတာဝန်ရှိသူတွေကလည်း လိုအပ်တာတွေကို ကူညီပေးကြပါတယ်။ နိုင်ငံသားတစ်ယောက် တာဝန်ကျေပွန်သွားပြီလို့လည်း ခံစားခဲ့ရပါတယ်" ဟု ပြောသည်။

မဲလာရောက်ပေးသည့် မောင်ရွှန်းလင်းထက်ကလည်း "ကျွန်တော့် အသက်(၁၈) နှစ်ပြည့်ပြီးလို့ ပထမဦးဆုံးအကြိမ် မဲလာရောက်ပေးခြင်း ဖြစ်ပါတယ်။ ပထမဆုံး မဲပေးရတဲ့အတွက် ရင်ထဲမှာ စိတ်လှုပ်ရှားပျော်ရွှင်မိပါတယ်။ မဲပေးစက်နဲ့ လွယ်ကူစွာ မဲပေးရတဲ့အတွက်လည်း အလွန်ကို အဆင်ပြေလွယ်ကူပါတယ်။ မဲပေးရတဲ့ လုပ်ငန်းစဉ်တွေကလည်း လွယ်ကူပါတယ်။ ကျွန်တော်တို့ မသိတာရှိရင်လည်း မဲရုံတာဝန်ရှိသူတွေက အားလုံးကို ရှင်းပြကူညီဆောင်ရွက်ပေးကြပါတယ်။ ကျွန်တော်ကြိုက်နှစ်သက်တဲ့ ပါတီကို စိတ်ကြိုက်မဲပေးခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ကျွန်တော် မဲပေးတဲ့ပါတီနိုင်သွားရင်လည်း နိုင်ငံနဲ့ ပြည်သူတွေ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးစေလိုပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်နေရာ၊ အမျိုးသားလွှတ်တော်နေရာ၊တိုင်းဒေသကြီးလွှတ်တော်နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတို့အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**



မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ ဆန္ဒမဲပေးနေကြသည်ကို တွေ့ရစဉ်။

# စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ နေထိုင်ကြသူများအနေဖြင့် လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်အစိုးရ၏ နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် စီမံဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ ဆေးသမားကြီးကျေးရွာနေ ဒေါ်တင်နီရွှေ (ခေါ်) နန်ရောင်စောရတို့၏ ပြောကြားချက်များ

ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ နေထိုင်ကြသူများအနေဖြင့် လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စစ်တွေခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် နိုင်ငံတော်အစိုးရ၏ နေထိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် စီမံဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ စစ်တွေမြို့ ဆေးသမားကြီးကျေးရွာနေ ဒေါ်တင်နီရွှေ (ခေါ်) နန်ရောင်စောရတို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည်-

**ဦးအောင်နိုင်ဦး (ညွှန်ကြားရေးမှူး) ခရိုင်အုပ်ချုပ်ရေးမှူး စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ကျွန်တော်တို့ အခု အောင်မင်္ဂလာရပ်ကွက်မှာ ရောက်နေတာဖြစ်ပါတယ်။ ဒီမှာ တွေ့မြင်နေရတာတော့ အောင်မင်္ဂလာရပ်ကွက် စာသင်ကျောင်းပဲဖြစ်ပါတယ်။ အောင်မင်္ဂလာရပ်ကွက်ထဲမှာ အစိုးရစာသင်ကျောင်းတစ်ကျောင်းနဲ့ အာရဗီစာသင်ကျောင်း နှစ်ကျောင်းရှိပါတယ်။ လက်ရှိရောက်ရှိနေတဲ့ အစိုးရကျောင်းထဲမှာလည်း ရပ်ကွက်ထဲက ကျောင်းသူကျောင်းသားတွေကို ပညာသင်ကြားနေတာဖြစ်သလို ဆရာ ဆရာမတွေလည်း အင်ပြည့်အားပြည့် သင်ကြားပေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီရပ်ကွက်အတွင်းမှာ ၂၀၁၂ ခုနှစ် ပဋိပက္ခနောက်ပိုင်း ၂၀၁၃-၂၀၁၄ မှာတော့ ရပ်ကွက်ပြည်သူတွေလုံခြုံရေးအတွက် အပြင်မှာလုံခြုံရေးစောင့်ပေးတာရှိတယ်၊ ဂိတ်တွေ ချထားတာရှိပါတယ်။

၂၀၁၄ ခုနှစ် နောက်ပိုင်းမှာတော့ ဂိတ်တွေ ပြန်လည်ဖယ်ရှားပြီး ပြည်သူတွေ လွတ်လပ်စွာသွားလာနေကြပြီပဲဖြစ်ပါတယ်။ ဘာအတားအဆီးမှ ချထားတာမရှိပါဘူး။ အလားတူပဲ ကျွန်တော်တို့ ဒီနားမှာလည်း စည်ကားတဲ့ဈေးတစ်ခုရှိပါတယ်။ ဈေးနာမည်ကတော့ ရပ်ကွက်နေဒေသခံတွေက ဒီမိုကရေစီဈေးလို့ အမည်ပေးထားတဲ့ဈေး ဖြစ်ပါတယ်။ ဒီအချိန်အခါမှာတော့ ဒီရပ်ကွက်အတွင်းမှာ စစ်တွေမြို့မှာရှိတဲ့ ရခိုင်တိုင်းရင်းသားတွေ၊ အခြားတိုင်းရင်းသားလူမျိုးတွေ၊ ဘင်္ဂါလီလူမျိုးတွေ လွတ်လွတ်လပ်လပ် သွားလာနေတဲ့နေရာဖြစ်ပါတယ်။

ဒီစာသင်ကျောင်းလေးမှာ မြေကွက်လပ်တစ်ခုရှိပါတယ်။ ထပ်ပြီးတိုးချဲ့ဖို့ စီမံဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

ကျွန်တော်တို့ ရောက်ရှိနေတာက အောင်မင်္ဂလာရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း ဖြစ်ပါတယ်။ ဒီကျောင်းမှာက ရပ်ကွက်ထဲက ကျောင်းသား ကျောင်းသူတွေ ပညာသင်ကြားနေတာဖြစ်ပါတယ်။ ထပ်မံပြီးတော့ ဒီဘက်အဆောက်အအုံတိုးချဲ့ဖို့ မြေကွက်လပ်မှာ ကျောင်းဆောင်အသစ်ဆောက်လုပ်နိုင်ဖို့လည်း စီမံဆောင်ရွက်နေတာရှိပါတယ်။ ကျွန်တော်တို့ ရောက်ရှိနေတာက စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ထဲမှာရှိတဲ့ ဈေးဖြစ်ပါတယ်။ ဈေးနာမည်က ဒီမိုကရေစီဈေး ဖြစ်ပါတယ်။ ဒီဈေးထဲမှာ ရပ်ကွက်ထဲမှာရှိတဲ့ ဘင်္ဂါလီလူမျိုးတွေရောင်းဝယ်ဖောက်ကားနေတာရှိသလို ရခိုင်တိုင်းရင်းသားတွေ အခြားတိုင်းရင်းသားတွေလည်း ရောင်းဝယ်ဖောက်ကားနေကြတာဖြစ်ပါတယ်။ ဒီမှာတော့ အခုလိုပဲ လွတ်လပ်အေးချမ်းစွာနဲ့ သွားလာလှုပ်ရှားနေကြတာ ဖြစ်ပါတယ်။



ဦးအောင်နိုင်ဦး



ဒေါ်တင်နီရွှေ (ခေါ်) နန်ရောင်စောရ

**ဒေါ်တင်နီရွှေ (ခေါ်) နန်ရောင်စောရ ဆေးသမားကြီးကျေးရွာ စစ်တွေမြို့**

ကျွန်မ ဒီမှာနေတာ နှစ်ပေါင်း သုံးဆယ်လောက်ရှိပါပြီ။ အိမ်ထောင်သည်ပါ၊ ကလေးလေးယောက်ရှိပါတယ်။ ဆေးဝါးကုသမှုအခြေအနေက အစိုးရအဖွဲ့ဆီကနေ ဆေးဝါးကုသမှုခံယူလို့ရပါတယ်။ အစိုးရကျန်းမာရေးဌာနက တစ်လတစ်ကြိမ် ကလေးတွေကို ကာကွယ်ဆေး ထိုးပေးတာမျိုးရှိပါတယ်။ လူနာဆိုရင်လည်း တစ်ပတ်တစ်ခါ၊ ဆယ့်ငါးရက်တစ်ခါလာပြီးတော့ ဆေးကုသမှု ပေးလေ့ရှိပါတယ်။ ကျွန်မတို့ လွတ်လွတ်လပ်လပ် ကုသခွင့်ရပါတယ်။

လုံခြုံရေးအနေနဲ့ဆိုရင် ကျွန်မတို့မှာ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေ ရှိပါတယ်။ သူတို့က ကာကွယ်ပေးပါတယ်။ အကူအညီလိုအပ်လို့ သူတို့ဆီသွားပြောတဲ့အခါ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတာမျိုးရှိပါတယ်။ သူတို့ဆီက အကောင်းဆုံး အကူအညီတွေရပါတယ်။ အစိုးရအဖွဲ့ကလည်း အကောင်းဆုံး ကူညီဆောင်ရွက်ပေးတာမျိုး ရှိပါတယ်။ ကျွန်မအလုပ်က ကျပန်းပါ။ ဒါပေမဲ့ အဆင်ပြေပါတယ်။ ကျွန်မယောကျ်ားကလည်း ကျပန်းပါ။ လုံးဝ လွတ်လွတ်လပ်လပ်ရှိပါတယ်။ ဘာအနှောင့်အယှက်မှ မရှိပါဘူး။ အစိုးရအဖွဲ့ကလည်း လွတ်လွတ်လပ်လပ် နေလို့ရအောင် လုပ်ပေးပါတယ်။ အဆင်ပြေပါတယ်။

ကျန်းမာရေး အခြေအနေဆိုရင် ကျန်းမာရေးဌာနက ခုနကပြောသလိုမျိုး ကာကွယ်ဆေး တစ်လတစ်ကြိမ်လာပြီး ကာကွယ်ဆေးထိုးပေးတာမျိုး၊ ကိုယ်ဝန်ဆောင်ဆိုရင် ကာကွယ်ဆေးထိုးပေးတာမျိုးရှိပါတယ်။ ကလေးဆိုရင် ကလေးနှစ်လပြည့်တဲ့အခါ ကာကွယ်ဆေးထိုးပေးတာမျိုးရှိပါတယ်။ တကယ့်အရေးပေါ်ဆိုရင် အစိုးရအဖွဲ့က ဆေးကုသမှုပေးတာမျိုးရှိပါတယ်။ အဲဒီမှာသွားပြီးတော့ လွတ်လွတ်လပ်လပ်ကုသလို့ရပါတယ်။

ပညာရေးကဏ္ဍဆိုရင် ကျွန်မတို့ ဆေးသမားရွာမှာ မူလတန်းလွန်ကျောင်းရှိပါတယ်။ ခုနစ်တန်းအထိ မူလတန်းလွန်ကျောင်းမှာ ပညာသင်လို့ရပါတယ်။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းဆိုရင်တော့ သက္ကယ်ပြင်မှာ အစိုးရကျောင်း ဖွင့်ထားတာရှိပါတယ်။ အဲဒီကျောင်းမှာ သွားပြီးတော့ လွတ်လွတ်လပ်လပ် တက်လို့ရပါတယ်။ နိုင်ငံသားကတ်ပြားဆိုရင် ၂၀၁၇ ခုနှစ်မှာတော့ စီမံချက်အနေနဲ့ အစိုးရအဖွဲ့ လဝက က လာပြီးတော့ လုပ်ပေးတာမျိုးရှိပါတယ်။ ရထားတဲ့ လူလည်းရှိပါတယ်။ မရတဲ့လူလည်း ရှိပါတယ်။ ကျွန်မကတော့ လျှောက်ထားဆဲပါ။ ကျွန်မတို့ရမယ်လို့ မျှော်လင့်ပါတယ်။ ရွေးကောက်ပွဲ မဲပေးဖို့တော့ ကျွန်မမှာမရှိပါဘူး။ ဒါပေမဲ့ ကျွန်မ သွားကြည့်ပါတယ်။ **သတင်းအဖွဲ့**

## မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ လိုက်လံစစ်ဆေး



**ဇမ္ဗူသီရိ ဇန်နဝါရီ ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား သတ်မှတ်စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိမှု ရှိ၊ မရှိနှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိတို့ကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ၏ လမ်းညွှန်ချက်အရ ဇမ္ဗူသီရိမြို့နယ် မီးဘေးလုံခြုံရေး အဖွဲ့ ဥက္ကဋ္ဌ ဦးဇေနော်ဝင်း ဦးဆောင်သော ပူးပေါင်းအဖွဲ့များဖြစ် သည့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အုပ်ချုပ်ရေးမှူး၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက သတ်မှတ်စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိမှု ရှိ၊ မရှိနှင့် မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိတို့အား စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

**❖ ကမ္ဘောဒီးယားနိုင်ငံမှ**

ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် နိုင်ငံခြားသားများကိုလည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ ပါဝင်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကမ္ဘောဒီးယားနိုင်ငံအစိုးရအနေဖြင့် ၎င်းတို့နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ အဆိုပါကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများသည် ၎င်းတို့အစီအစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးသို့ သတင်းပေးပို့မှုများအရ လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများက လွှဲပြောင်းပေးအပ်မှုများအရ လည်းကောင်း ကမ္ဘောဒီယားနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိခဲ့ကြောင်းသိရသည်။

အဆိုပါကမ္ဘောဒီးယားနိုင်ငံ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနက် ပထမအသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကို မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် ဇန်နဝါရီ ၂၃ ရက် နံနက်အစောပိုင်းတွင် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ဒုတိယအသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၅၀ ကို ဇန်နဝါရီ ၂၅ ရက်တွင် မြန်မာ့လေကြောင်းလိုင်း(MAI)ဖြင့် မြန်မာနိုင်ငံ မန္တလေးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လည်းကောင်း၊ ၁၉၀ ကို ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ် နှစ်စင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့လည်းကောင်း၊ ထပ်မံ၍ ၁၉၀ ကို ယနေ့ညပိုင်းတွင် တပ်မတော်လေယာဉ်နှစ်စင်းဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ လည်းကောင်း ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ရာ ယနေ့အထိ မြန်မာနိုင်ငံသား ၅၆၆ ဦး ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြိတ်လေဆိပ်သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကျန်ရှိသည့် မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| အတ္တလန္တာ | ၄ | - | ၀ | ပါးမား |
| ဂျီနိုအာ | ၃ | - | ၂ | ဘိုလော့ဂ်ညာ |
| ဂျူပင်တပ် | ၃ | - | ၀ | နာပိုလီ |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉) အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| နန့်တက်စ် | ၁ | - | ၄ | နိစ် |
| ဘရက်စ် | ၀ | - | ၂ | တူးလော့စ် |
| မက်ဇ် | ၂ | - | ၅ | လိုင်ယွန် |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| မိုချန်ဂလာဘတ် | ၀ | - | ၃ | စတုဂတ် |
| ဖရိုင်းဘတ် | ၂ | - | ၁ | ကိုလုံး |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃) အနိုင်၊ အရှုံး (NGB)**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၁ | - | ၃ | ချဲလ်ဆီး |
| နယူးကာဆယ် | ၀ | - | ၂ | အက်စတွန်ဗီလာ |

# နိုင်ငံတကာ အားကစား သတင်းများ



## ဂျွန်မက်ဂင်း ဒူးဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၂၅**

အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဂျွန်မက်ဂင်းသည် ဒူးဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် အက်စတွန်ဗီလာအသင်းက အဲဗာတန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျွန်မက်ဂင်း ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်စတွန်ဗီလာအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျွန်မက်ဂင်းသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၄ ပွဲကစားကာ ၃၅ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

(အပေါ်ပုံ)

(NGB)

## နွမ်နယ်ရီအား အငှားစာချုပ်ဖြင့် မာဆေးလ်အသင်း ခေါ်ယူ

**ပါရီ ဇန်နဝါရီ ၂၅**

မာဆေးလ်အသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား နွမ်နယ်ရီအား ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၁ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မာဆေးလ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး နောက်ထပ် ကစားသမားသစ်များကိုလည်း ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။

(ယာပုံ) (NGB)






## အမျိုးသမီး စပိန်စူပါဖလား ချန်ပီယံဆုအား ဘာစီလိုနာအသင်း ဆွတ်ခူး

**ဘာစီလိုနာ ဇန်နဝါရီ ၂၅**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အမျိုးသမီး စပိန်စူပါဖလား ချန်ပီယံဆုအား ဘာစီလိုနာအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်စူပါဖလား ဗိုလ်လုပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "အမျိုးသမီးစူပါဖလား ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။**(အပေါ်ဝဲပုံ)**

(NGB)

## ဂျိမ်းစ်ဂါနာ အဲဗာတန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇန်နဝါရီ ၂၅**

အဲဗာတန်အသင်းသည် အသင်းကွင်းလယ်ကစားသမား ဂျိမ်းစ်ဂါနာအား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ပွဲကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂျိမ်းစ်ဂါနာက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ" ဟု ပြောသည်။

(အောက်ဝဲပုံ)

(NGB)

## ဆိုဇာ စပါးအသင်းတွင် ကျောနံပါတ် (၃၈)ဂျာစီကို ဝတ်ဆင်ကစားမည်

**လန်ဒန် ဇန်နဝါရီ ၂၅**



နောက်ခံကစားသမားသစ် ဆိုဇာသည် စပါးအသင်းတွင် ကျောနံပါတ်(၃၈)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဆန်းတို့စ်အသင်းမှ စပါးအသင်းသို့ ယူရို ၁၅သန်းဖြင့် ကာလရှည်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဆိုဇာသည် ဆန်းတို့စ်အသင်းနှင့်အတူ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၂၉ ပွဲ ကစားကာ တစ်ဂိုး သွင်းယူထားသဖြင့် စပါးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ဆိုဇာက "ကျွန်တော် စပါးအသင်းမှာ ကျောနံပါတ် (၃၈) ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ" ဟု ပြောသည်။ **(အပေါ်ပုံ)**

(NGB)

## 2026 Australian Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Coco Gauff တက်ရောက်

**မဲလ်ဘုန်း ဇန်နဝါရီ ၂၅**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Australian Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။



အဆိုပါ အမေရိကန်တင်းနစ်မယ် Coco Gauff သည် 2026 Australian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Hailey Baptiste အား ၃-၆၊ ၆-၀၊ ၆-၃ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့သည်။

2026 Australian Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ချက်တင်းနစ်မယ် Karolina Muchova တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၇-၁-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၁၁) အဲဗာတန် - လိဒ်စ် (၁၆)<br>(W,L,D,L,W) (D,D,L,W,W) | အဲဗာတန် ၁-၀ လိဒ်စ်<br>လိဒ်စ် ၁-၁ အဲဗာတန် ၂၀၂၂-၂၃ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၇-၁-၂၀၂၆<br>နံနက်၀၂း၁၅နာရီ | (၁၉) ဗီရိုနာ - အူဒီးနီးစ် (၁၀)<br>(L,D,L,L,D) (D,L,W,D,L) | ဗီရိုနာ ၀-၀ အူဒီးနီးစ်<br>အူဒီးနီးစ် ၀-၁ ဗီရိုနာ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၇-၁-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၁၂) ဂျီရိုနာ - ဂီတာဖေး (၁၇)<br>(W,L,W,W,W) (L,L,D,L,L) | ဂျီရိုနာ ၁-၂ ဂီတာဖေး<br>ဂီတာဖေး ၀-၁ ဂျီရိုနာ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၇-၁-၂၀၂၆<br>နံနက်၀၂း၃၀နာရီ | (၂၀) နော့ဝစ်ချ် - ကိုဗင်ထရီ (၁)<br>(W,L,W,W,W) (D,L,L,W,W) | နော့ဝစ်ချ် ၂-၁ ကိုဗင်ထရီ<br>ကိုဗင်ထရီ ၀-၁ နော့ဝစ်ချ် |

## အလီရှာလီမန်းအား လက်စတာစီးတီးအမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၂၅**

လက်စတာစီးတီးအမျိုးသမီးအသင်းသည် ကိုမိုအမျိုးသမီးအသင်းတိုက်စစ်မှူး ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးဘောလုံးမယ် အလီရှာလီမန်းအား ၂နှစ်ခွဲအထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်စတာစီးတီး အမျိုးသမီးအသင်းတွင် ကျောနံပါတ် (၁၁)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အလီရှာလီမန်းသည် ဘောလုံးကစားသမားဘဝ တစ်လျှောက်တွင် အက်စတွန်ဗီလာ၊ ဂျူဗင်တပ်၊ ကိုမို၊ အဲဗာတန်၊ ဝက်စ်ဟမ်း စသည့်ကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် အမျိုးသမီးကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် လက်စတာစီးတီး အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(အောက်ပုံ) (NGB)




### ဘောလုံးသတင်းအတိုအထွာများ

* ချဲလ်ဆီးအသင်းသည် ဂျူဗင်တပ်အသင်းကွင်းလယ်ကစားသမား ဒူးဂလပ်စ်လူးဝစ်ဇ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
* အာဆင်နယ်အသင်းနှင့်အတူ ဆုဖလားများရယူသွားမည်ဟု တိုက်စစ်မှူး ဂျေဇူးက ပြောကြားခဲ့သည်။ (NGB)

☆ စာမျက်နှာ ၂၄ မှ

အင်ဒိုနီးရှားအသင်းအား သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ်၊ ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင် ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယရရှိသူများကို မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် Asean Para Sports Federation(APSF)မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်က ပြိုင်ပွဲကာလအတွင်း ရွှေတံဆိပ်ဆုတစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀၊ ငွေတံဆိပ်ဆုတစ်ဆုလျှင် ဒေါ်လာ ၂၀၀ နှင့် ကြေးတံဆိပ်ဆုတစ်ဆုလျှင် ဒေါ်လာ ၁၀၀ တို့ကို သတ်မှတ်ချီးမြှင့်ထားရှိရာ ဆုပေးပွဲအခမ်းအနား ကျင်းပပြီးချိန်တွင် နိုင်ငံတော်ကိုယ်စား မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အဖွဲ့သည် 80th Birthday Anniversary Stadium အတွင်း မြန်မာမသန်စွမ်းပြေးခုန်ပစ်အားကစားအဖွဲ့၊ ရေကူးအားကစားအဖွဲ့၊ သေနတ်ပစ်အားကစားအဖွဲ့နှင့်ထိုင်လျက်ဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှု၊ Center Point Hotel Terminal 21(Korat)တွင် စားပွဲတင်တင်းနစ်အားကစားအဖွဲ့ ယှဉ်ပြိုင်ကစားနေမှု၊ Vongchavalitkul University တွင်(မျက်မမြင်) ဂိုးလ်ဘော အားကစားအဖွဲ့ ယှဉ်ပြိုင်ကစားနေမှု၊ Nakhon Ratchasima Rajabhat University တွင် (မျက်မမြင်)စစ်တုရင်အားကစားအဖွဲ့နှင့် ခုနစ်ယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။




ဇန်နဝါရီ ၂၅ ရက်တွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ ခုနစ်ယောက်တစ်ဖက် ဘောလုံး၊ (မျက်မမြင်)ဂိုးလ်ဘော၊ (မျက်မမြင်)စစ်တုရင်၊ သေနတ်ပစ်နှင့် စားပွဲတင်တင်းနစ် အားကစားနည်းများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် လေးခု ဆွတ်ခူးရရှိခဲ့သည်။

(၁၃)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၁၉ ခုနှင့် ကြေးတံဆိပ် ၂၀ စုစုပေါင်း ဆုတံဆိပ် ၅၉ ခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၆)တွင် ရပ်တည်နိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင်ရရှိခဲ့သည့် ရွှေတံဆိပ်များထက် ငါးခု ပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း လျော့နည်းစေရေးအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**အောင်လံ ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း လျော့နည်းစေရေးနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရည်ရွယ်၍ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း လျော့နည်းစေရေး အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အောင်လံမြို့ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းဇော် ဦးဆောင်သည့် တိုင်းမြေအသုံးချရေး၊ တိုင်းမျိုးစေ့နှင့် တိုင်းသီးနှံ ကာကွယ်ရေးပညာရှင်များက ဦးဆောင်ဆွေးနွေးခဲ့ကြရာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် မကွေးတိုင်းဒေသကြီးအတွင်း ပဲမျိုးစုံသီးနှံစိုက်ဧရိယာ ၁၅၅၁၁၉၀ ဧကတွင် မတ်ပဲသီးနှံ ၆၆၃၂၆ ဧကနှင့် ပဲတီစိမ်းသီးနှံ ၆၁၇၉၉၈ ဧက စိုက်ပျိုးထားရှိပြီး အောင်လံခရိုင်အတွင်း၌ ပဲမျိုးစုံသီးနှံစိုက်ဧရိယာ ၂၄၄၄၅၉ ဧက၊ မတ်ပဲ ၃၆၇၈ ဧကနှင့် ပဲတီစိမ်း ၁၅၂၈၁၄ ဧက စိုက်ပျိုးထားရှိလျက်ရှိရာ အဆိုပါသီးနှံများကို ဒေသတွင်း စားသုံးရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက်ပါ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။



စိုက်ပျိုးထားသော ဆောင်းရာသီမတ်ပဲနှင့် ပဲတီစိမ်းသီးနှံများတွင် ပိုးသတ်ဆေးသုံးစွဲမှု လျော့ချပြီး ပန်းတိုင်အထွက်နှုန်း မထိခိုက်စေဘဲ ဓာတ်ကြွင်းလျော့နည်းသော သီးနှံများ ထွက်ရှိစေရန် အသိပညာပေးပြောကြားခဲ့ပြီး အခမ်းအနားသို့ မျိုးစေ့၊ ပိုးသတ်ဆေးအရောင်းဆိုင်များမှ ၂၇ ဦးနှင့် ကျေးရွာအုပ်စု(၄) အုပ်စုမှ တောင်သူပေါင်း ၃၆ ဦး၊ စုစုပေါင်း ၆၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**အာကာ(မြန်/ဆက်)**

## မန္တလေးလမ်းမှ လျှော်ဖြူကန် - ပျဉ်သာလမ်း လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ မန္တလေးလမ်းမှ လျှော်ဖြူကန် - ပျဉ်သာလမ်း လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မန္တလေးလမ်းမှ လျှော်ဖြူကန်- ပျဉ်သာလမ်း လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် မန္တလေးလမ်းမှ လျှော်ဖြူကန် - ပျဉ်သာလမ်း လမ်းအရှည် ၁ ဒသမ ၆၀၉ ကီလိုမီတာ၊ လမ်းအကျယ် ၄ ဒသမ ၂၇ မီတာ၊ ထု ၇၅ မီလီမီတာရှိ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကျောက်လမ်းပြုပြင်ခြင်းလုပ်ငန်းနှင့် အရှည် ၁ ဒသမ ၅၂ မီတာ၊ အကျယ် ၇ ဒသမ ၃၂ မီတာ၊ အမြင့် ၁ ဒသမ ၅၂ မီတာရှိ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) အထွေထွေပိုလျှံရန်ပုံငွေကျပ် ၁၁၀ ဒသမ ၆၄၂ သန်းအသုံးပြု၍ ဒီဇင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၆၉)**



## မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း၏ ၁၀နှစ်ပြည့်အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ စစ်ကိုင်းပရိယတ္တိကျောင်းတွင် ဖွင့်လှစ်ထားသော မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း၏ ၁၀နှစ်ပြည့်အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါဆေးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း ဩဝါဒါစရိယ တောင်သာတိုက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စက အဖွင့်အမှာစကား မိန့်ကြားသည်။ ထို့နောက် မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း ပဲ့ကိုင်ရှင် ဆရာတော် ဘဒ္ဒန္တ သောဘိတ (ဝိနယဝိဒူအဂ္ဂိတ္တရနိကာယဝိဒူ) က ကုသိုလ်ဖြစ်ဆေးခန်း၏ ၁၀ နှစ်ပြည့်အခမ်းအနားအကြို အထူးဓမ္မသဘင်ပူဇော်ပွဲတွင် တရားဟောကြားမည့်ဆရာတော်များနှင့် ၁၀ နှစ်ပြည့်အခမ်းအနား ကျင်းပမည့်နေ့တွင် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ပင့်ဖိတ်ကြားနိုင်ရေးဆွေးနွေးလျှောက်ထားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင် ဆရာလေးများအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်နိုင်ရေးနှင့် ဧည့်ပရိသတ်များအား နံနက်စာများ ကျွေးမွေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(၀၅၃)**

## ကင်းတပ်လက်ဝဲတူးမြောင်း ရေထုတ်ပေါက် ရေတိုက်စားမှု ပြုပြင်ပြီးစီး

**ကန့်ဘလူ ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကင်းတပ်လက်ဝဲတူးမြောင်းက/တ၂၉/၀၀၀ ရှိ ရေထုတ်ပေါက်အထွက်ပိုင်း ရေတိုက်စားမှုကို Gabion box ချ၍ ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ရေထုတ်ပေါက် ရေတိုက်စားမှုကို ပြုပြင်နိုင်ဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ(ငွေလုံးငွေရင်း) ငွေကျပ် သိန်း ၄၅၀ နဲ့ ပြုပြင်ဆောင်ရွက်ခဲ့တာဖြစ်တယ်။ ကန့်ဘလူမြို့နယ်အတွင်းမှာရှိတဲ့ ကင်းတပ် လက်ဝဲတူးမြောင်းရေပေးဝေမှုကို မိုးစပါးရေပေးဝေရာသီပြီးဆုံးချိန် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ပထမပတ်က နွေစပါးရေပေးဝေရေးစတင်မယ့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီပထမပတ်ထိ ရေဖြတ်ကာလ သတ်မှတ်ပြီး အဲ့ဒီကာလအတွင်း ပြုပြင်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တာဖြစ်တယ်"ဟု ကန့်ဘလူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးထက်အောင်က ပြောသည်။

ကန့်ဘလူမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီအမီ ဘဏ္ဍာနှစ်အလိုက် ရေပေးမြောင်းများ၊ ရေပေးအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ မြောင်းစစ်လမ်းများ၊ မြောင်းပေါင်များ ပြုပြင်ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက်လည်း ကြိုးကြပ်ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် နွေစပါးစိုက်ပျိုးရေကို ကင်းတပ်လက်ဝဲတူးမြောင်းမှ ဧက ၂၀၀၀၀ ကျော်ကို ပေးဝေလျက်ရှိကြောင်း သိရသည်။

**(၃၉၄)**

## ပြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ ကျောက်ကပ်တုသွေးသန့်စင်စက်နှင့် ငွေများလှူဒါန်း



**မန္တလေး ဇန်နဝါရီ ၂၅**

ပြဟ္မစိုရ်လူမှုကူညီရေးအသင်း ကျောက်ကပ်တုသွေးသန့်စင်ကုသမှုဌာနသို့ ကျောက်ကပ်တုသွေးသန့်စင်စက်နှင့်ငွေများ လှူဒါန်းပွဲကို ဇန်နဝါရီ ၂၃ ရက်က အဆိုပါ ဆေးကုဌာနတွင် ကျင်းပသည်။ **(ဓါတ်ပုံ)**

အခမ်းအနားတွင် မန္တလေးမြို့နေ ဦးကျော်ငြိမ်း+ဒေါ်နုနုစိန် (စိန်ကျော်မိုး မိသားစု)က ကျောက်ကပ်တုသွေးသန့်စင်စက်တစ်လုံးကိုလည်းကောင်း၊ဦးကျော်ငြိမ်းနှင့် ဆီဒိုးနားနံနက်ခင်းလမ်းလျှောက်အဖွဲ့က ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့၊ ၂၅ လမ်းနေ ဦးငွေ+ဒေါ်ချစ်စန်း မိသားစုက ကျောက်ကပ်ဖောက်ဒေးရှင်းအတွက် ငွေကျပ် ၁၀ သိန်းတို့ကို လာရောက်လှူဒါန်းရာ ပြဟ္မစိုရ်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ငြိမ်းငြိမ်းနှင့် အသင်းအမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လှန်ပေးအပ်ခဲ့သည်။

ပြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ လှူဒါန်းလိုပါက ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ မန္တလေး ဖုန်း- ၀၉၂၅၉၃၆၀၀၁၁ သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၀၄၅)**

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် စာကြည့်တိုက်သို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးနှင့် အရေးပါပုံ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ခြင်း၏ အနှစ်သာရများ၊ ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် ဗဟုသုတများအား လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပရာ တောင်တွင်းကြီးမြို့နယ် မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား အခမ်းအနားဖြင့် ဆုများ ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**





## သားအိမ်ခေါင်း ကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**မန္တလေး ဇန်နဝါရီ ၂၅**

အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀နာရီက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ဒေသန္တရကျန်းမာရေးဌာနခွဲ(အောင်တော်မူ)မှ သားဖွားဆရာမ ဒေါ်သီရိစိုးဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ပြည်ကြီးမျက်မှန်ရပ်ကွက်အတွင်းရှိ အသက် ၉ နှစ်မှ ၁၂နှစ်အတွင်းရှိ အမျိုးသမီးငယ်လေးများအား ကာကွယ်ဆေးများထိုးနှံပေးရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချစ်သန်း၊ ရာအိမ်မှူး ဦးဆွေလင်းတို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၁)**

ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်
လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့ ။

## ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းတွင် ယခုနှစ် ဆင်ပြတိုက် (Elephant Museum) ကို ဖွင့်လှစ်ပြသ ပေးသွားမည်

**မင်းဘူး ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရားကြီးအနီးရှိ ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်း၌ ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲကာလတွင် ဆင်ပြတိုက်(Elephant Museum) ကို ဖွင့်လှစ်၍ အများပြည်သူ ဗဟုသုတရရှိနိုင်မည့် ဆင်နှင့်ပတ်သက်သည့် အချက်အလက်များ ရုပ်လုံးသွင်းဆင်ရုပ်တုနှင့် ဆင်အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဆင်စခန်းတာဝန်ခံလက်ထောက်မန်နေဂျာထံမှ သိရသည်။

ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း၌ သဘာဝတောတောင်ရေမြေနှင့် စိမ်းစိုသာယာလှပသော သဘာဝရှုခင်းအလှများကိုအခြေခံ၍ မြန်မာ့သစ်လုပ်ငန်း၊ မင်းဘူးသစ်ထုတ်ရေးဒေသ၊ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်းမှ ပြည်တွင်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်စေရန်၊ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် အစိမ်းရောင်စီးပွားရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း (၈၆)ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆင်စခန်းမှာ လာရောက်အပန်းဖြေအနားယူ လည်ပတ်တဲ့သူတွေကို ခရီးသွားဝန်ဆောင်မှု လုပ်ငန်းအားလုံး ဆောင်ရွက်ပေးနိုင်ဖို့၊ ခရီးတိုဆင်စီးရင် တောတောင်ရေမြေနဲ့ စိမ်းစိုသာယာလှပတဲ့ သဘာဝရှုခင်းအလှတွေကို ကြည့်ရှုခံစားနိုင်စေဖို့နဲ့ မန်းချောင်းဘေး ဆင်များနှင့်အတူ ရေချိုးရင်း အပန်းဖြေအနားယူနိုင်စေဖို့ ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ ဆင်သရုပ်ပြပွဲ (Elephant Show) အဖြစ် ဆင်လိမ္မာကလေးတွေနဲ့အတူ ထူးခြားတဲ့ ဖျော်ဖြေတင်ဆက်မှုတွေ လုပ်ဆောင်သွားမှာဖြစ်တဲ့အပြင် ဆင်စခန်းကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအဖြစ် အထူးခြားတဲ့ အစီအစဉ်တစ်ခုအနေနဲ့ ဆင်ပြတိုက်(Elephant Museum)ကို ဖွင့်လှစ်၍ အများပြည်သူ ဗဟုသုတ သိမှတ်ဖွယ်ရာများရရှိနိုင်မည့် ဆင်နှင့်ပတ်သက်သည့် အချက်အလက်များ၊ပြကွက်များအပြင် ရုပ်လုံးသွင်းဆင်ရုပ်ထုနှင့် ဆင်အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသပေးသွားမှာဖြစ်ပါတယ်"ဟု ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းတာဝန်ခံလက်ထောက်မန်နေဂျာက ပြောသည်။

အဆိုပါဆင်ပြတိုက် (Elephant Museum) ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ပေ(၅၀×၃၀)အရွယ်အစားရှိ RC တစ်ထပ်ဆောင်ကို ဆောက်လုပ်ခွင့်ပြုပေးခဲ့ပြီး ဆင်ပြတိုက်ထဲတွင် ဆင်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ဆင်စွယ်တပ်ဆင်ထားသော ဆင်အမျိုးအစားခွဲခြားသည့် ဆင်ခေါင်းရုပ်တုများ၊ ဆင်များတပ်ဆင်အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများ၊ ဆင်ဖမ်းနည်းသရုပ်ပြကွက်၊ တရားမဝင် ရောင်းဝယ်ခွင့်မပြုသည့် ဆင်စွယ်တို့ဖြင့် ပြုလုပ်ထားသော မြန်မာ့အနုပညာလက်ရာပစ္စည်းများ၊ တောဆင်များတွင် တပ်ဆင်သည့် ခြေရာခံလည်ပတ်(Radio Collar) နှင့် ကင်မရာထောင်ချောက်၊ ဆင်ရုပ်လုံးသွင်းရုပ်တုစသည့် ဆင်နှင့်ပတ်သက်သောပစ္စည်းများကို ခင်းကျင်းပြသပေးသွားမည် ဖြစ်သည်။



အဆိုပါဆင်စခန်းကို ဖွင့်လှစ်ချိန်အဖြစ် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီချိန်အထိ သတ်မှတ်ထားကာ ဆင်စခန်းရှိ တည်းခိုဆောင်များ၌ ညအိပ်တည်းခိုနားနေနိုင်ကြောင်း၊ ဆင်စခန်းတွင် ဆင်ထီး ငါးကောင်၊ ဆင်မ ရှစ်ကောင်၊ စုစုပေါင်း ဆင် (၁၃) ကောင်ရှိပြီး ပြည်တွင်းခရီးသွားတစ်ဦးလျှင် ဆင်စခန်းဝင်ကြေး ငွေကျပ် ၁၀၀၀ နှင့် ခရီးတိုဆင်စီးခ ငွေကျပ် ၅၀၀၀ နှုန်း၊ ပြည်ပနိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၁၀၀၀၀ နှင့် ခရီးတိုဆင်စီးခ ငွေကျပ် ၁၀၀၀၀ နှုန်း၊ တည်းခိုဆောင်အနေဖြင့် VIP တည်းခိုဆောင် လေးလုံးနှင့် ဘန်ဂလို ၁၁ လုံးရှိပြီး ဘန်ဂလိုတည်းခိုဆောင် တစ်လုံးအတွက် တစ်ရက်လျှင် ငှားရမ်းခ ငွေကျပ် ၄၀၀၀၀ နှုန်းနှင့် VIP တည်းခိုဆောင် တစ်လုံးအတွက် တစ်ရက်လျှင် ငှားရမ်းခ ငွေကျပ် ၇၀၀၀၀ နှုန်းတို့ဖြင့် အသီးသီးသတ်မှတ်ထားကြောင်း၊ ထို့အပြင် ဆင်စာဘူဖေးကို မိမိတို့တတ်နိုင်သောနှုန်းထားဖြင့် ဆင်စာများ ဝယ်ယူကျွေးမွေးလှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း Elephant Conservation Based Tourism (ECBT) စခန်း(၂၄)ခုကို ဖွင့်လှစ်ထားရှိပြီး အဆိုပါဆင်စခန်းများအနက် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းတွင် ပဋ္ဌမမြောက်အဖြစ် ဆင်ပြတိုက် (Elephant Museum) ကို ထည့်သွင်းခင်းကျင်းပြနိုင်သည့် အပန်းဖြေဆင်စခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

ဘာသာပြန်ဆောင်းပါး

# အိန္ဒိယ-အာဖရိက မိတ်ဖက်ဆက်ဆံရေးကို အားဖြည့်ခြင်း

နိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့် နိုင်ငံပေါင်း ၅၄ နိုင်ငံရှိသော အာဖရိကတိုက်အကြား မိတ်ဖက်ဆက်ဆံရေးအကြောင်း ဆွေးနွေးခြင်းသည် အချိုးအစားမမျှတဟု ထင်ရသော်လည်း အကြောင်းရင်း နှစ်ရပ်က ယင်းဆွေးနွေးမှုကို ခိုင်လုံစေပါသည်။ ပထမအချက်မှာ အိန္ဒိယနိုင်ငံ၏ အာဖရိကအပေါ်ထားရှိသော စာနာနားလည်မှုနှင့် ပံ့ပိုးမှုဖြစ်ပြီး၊ ဒုတိယအချက်မှာ အာဖရိကတိုက်သားအများစုက အိန္ဒိယကို ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံနှင့် စီးပွားရေးအရှိန်အဟုန်အမြန်ဆုံးတိုးတက်နေသော နိုင်ငံအဖြစ် အောင်မြင်မှုများအပေါ် လေးစားအားကျမှုတို့ပင်ဖြစ်သည်။ လူဦးရေ ၁ ဒသမ ၄ ဘီလီယံစီ အသီးသီးပိုင်ဆိုင်ထားကြသည့် နှစ်ဖက်စလုံးသည် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သာယာဝပြောရေးဆိုင်ရာ မျှော်မှန်းချက်များကို အပြန်အလှန် အကောင်အထည်ဖော်ပေးနိုင်ကြသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်များအတွင်း အိန္ဒိယနှင့် အာဖရိက မိတ်ဖက်ဆက်ဆံရေး တိုးတက်လာမှုသည် တစ်ကမ္ဘာလုံးက စိတ်ဝင်စားသည့် အကြောင်းအရာတစ်ခု ဖြစ်လာသည်။ အိန္ဒိယ-အာဖရိက မိတ်ဖက်ဆက်ဆံရေးကို နိုင်ငံစုံကဏ္ဍ၊ တိုက်ကြီးအဆင့်ကဏ္ဍ၊ ဒေသတွင်းကဏ္ဍနှင့် နှစ်နိုင်ငံချင်းကဏ္ဍဟူသော အရေးပါသည့် ရှုထောင့်လေးရပ်ဖြင့် ဆန်းစစ်ရန်လိုအပ်သည်။

ပထမဦးစွာ နိုင်ငံစုံကဏ္ဍကို ကုလသမဂ္ဂမှ စတင်လေ့လာရမည်ဖြစ်ရာ ဆယ်စုနှစ်ပေါင်းများစွာအတွင်း အိန္ဒိယနှင့် အာဖရိကတို့သည် ကိုလိုနီစနစ်ပပျောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုနှင့် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးစသည့် ဘုံရည်မှန်းချက်များအတွက် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ယနေ့တိုင် အိန္ဒိယသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ တောင်ဆူဒန်၊ အာဖရိကအလယ်ပိုင်းသမ္မတနိုင်ငံနှင့် အနောက်ဆာဟာရတို့တွင် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်များ၌ ပါဝင်နေဆဲဖြစ်သည်။ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးဝါဒ ပြင်းထန်သော ဖိအားများနှင့် ရင်ဆိုင်နေရသည့် ယခုခေတ်ကာလတွင် နှစ်ဖက်စလုံးသည် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေး၊ အထူးသဖြင့် လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးကို လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆက်လက်ညှိနှိုင်းဆောင်ရွက်နေကြသည်။ အာဖရိက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးခြင်း၊ ကြွေးမြီသက်သာခွင့်ပေးခြင်း၊ မျှတသော စွမ်းအင်ကူးပြောင်းမှုနှင့် အားလုံးပါဝင်နိုင်သော တိုးတက်မှု စသည့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များကို အိန္ဒိယ၏ တက်ကြွသော သံတမန်ရေးရာနည်းလမ်းများဖြင့် ပံ့ပိုးပေးလျက်ရှိသည်။

အိန္ဒိယ၏ ထူးခြားသော ပံ့ပိုးမှုတစ်ခုမှာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဂျီတွမ်တီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်အတွင်း အာဖရိကသမဂ္ဂကို ဂျီတွမ်တီး၏ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာစေရန် ခိုင်မာစွာ ဦးဆောင်ကြိုးပမ်းပေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဘရစ်ခ်စ်အဖွဲ့ ပထမအကြိမ် တိုးချဲ့သည့်အခါတွင်လည်း အိန္ဒိယသည် အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံတို့ကို ထိုသြဇာကြီးမားသော အဖွဲ့အတွင်းသို့ ဝင်ရောက်နိုင်ရန် ကူညီခွင့်ရရှိခဲ့သည်။

ဒုတိယအနေဖြင့် တိုက်ကြီးအဆင့်ကဏ္ဍသည် ၂၀၀၈ ခုနှစ်တွင် အိန္ဒိယ-အာဖရိက ဖိုရမ်ထိပ်သီးအစည်းအဝေးကို စတင်ကျင်းပခဲ့ပြီးနောက်ပိုင်း ပိုမိုခိုင်မာလာခဲ့သည်။ ၂၀၁၁ နှင့် ၂၀၁၅ ခုနှစ်တို့တွင် နောက်ထပ် ထိပ်သီးအစည်းအဝေးနှစ်ခုကို ကျင်းပခဲ့ကြသည်။ စတုတ္ထအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အခြားအကြောင်းရင်းများကြောင့် မကျင်းပနိုင်ခဲ့ပေ။ သို့သော် ယခုအခါ တရားဝင် ထုတ်ပြန်ချက်များအရ နောက်ထပ် ထိပ်သီးအစည်းအဝေးကိုမူ ၂၀၂၆ ခုနှစ်အတွင်း ကျင်းပနိုင်ခြေရှိသည်။

ကမ္ဘာလုံးဆိုင်ရာ တောင်ဘက်ခြမ်းနိုင်ငံများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် ပထဝီနိုင်ငံရေးအပြောင်းအလဲများမှာ အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေသောကြောင့် ယခုအချိန်သည် ဆွေးနွေးမှုများ ပြုလုပ်ရန် အသင့်တော်ဆုံးအချိန်ဖြစ်သည်။ ကမ္ဘာ့တောင်ဘက်ခြမ်း၏ 'အသံ'ဖြစ်သော အိန္ဒိယနှင့် ကမ္ဘာ့တောင်ဘက်ခြမ်း၏ 'နှလုံးသား' ဖြစ်သော အာဖရိကတို့သည် ဘုံရည်မှန်းချက်များအတွက် နှစ်ဦးနှစ်ဖက်လက်ခံနိုင်သော မဟာဗျူဟာတစ်ရပ် ချမှတ်နိုင်ရန် ပွင့်လင်းမြင်သာပြီး ဘက်စုံလွှမ်းခြုံသည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်မည့် အခွင့်အလမ်းကို ဖော်ဆောင်ရမည်ဖြစ်သည်။

တတိယအနေဖြင့် အိန္ဒိယ-အာဖရိက မိတ်ဖက်ဆက်ဆံရေး၏ ဒေသတွင်းကဏ္ဍသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို နက်ရှိုင်းစေရန်နှင့်ကွဲပြားစုံလင်စေရန်အတွက် ရွေးချယ်ထားသော ဒေသတွင်း စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယ၏ ကြိုးပမ်းမှုများကို ဆိုလိုခြင်းဖြစ်သည်။ အိန္ဒိယ၏ ထိပ်တန်းစီးပွားရေးအဖွဲ့အစည်းများဖြစ်သော စီအိုင်အိုင်နှင့်အက်ဖ်အိုင်စီစီအိုင်တို့သည် အီးအေစီ၊ စီအိုအမ်အီးအက်စ်အေ၊ အက်စ်အေဒီစီတို့နှင့် အခါအားလျော်စွာ ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ယင်းလုပ်ငန်းစဉ်များကို တွန်းအားပေးခဲ့ကြသည်။ အဆိုပါ စီးပွားရေးဆိုင်ရာ အစပြုမှုများတွင် နိုင်ငံရေးအရ ဦးဆောင်မှုများ ထည့်သွင်းပေးခြင်းဖြင့် အရှိန်အဟုန်အသစ်တစ်ရပ်ကိုဖော်ဆောင်ရန် လိုအပ်သည်။ ရွေးချယ်ထားသော ဒေသတွင်းစီးပွားရေးအဖွဲ့အစည်းများသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အရေးပါသော တွင်းထွက်သယံဇာတများ ပူးပေါင်းထုတ်ယူရေးတို့အပြင် အာဖရိကသို့ ဒီဂျစ်တယ်နည်းပညာများ မိတ်ဆက်ပေးရာတွင် အသုံးဝင်သော ပလက်ဖောင်းများဖြစ်နေဆဲဟု ကျွမ်းကျင်သူများက ယူဆကြသည်။

စတုတ္ထအနေဖြင့် အိန္ဒိယနှင့် အာဖရိကနိုင်ငံများအကြား ဆက်ဆံရေးခိုင်မာစေရန်အတွက် နှစ်နိုင်ငံချင်း ချိတ်ဆက်ဆောင်ရွက်သည့် လမ်းကြောင်းသည် အရေးအကြီးဆုံး ဖြစ်နေဆဲဖြစ်သည်။ ဤအချက်ကို ရှေးရှု၍လည်းကောင်း၊ အာဖရိကတိုက်၏ ကျယ်ပြောလှမှုနှင့် နိုင်ငံအရေအတွက် များပြားမှုကို ထည့်သွင်းစဉ်းစား၍လည်းကောင်း အိန္ဒိယနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း အာဖရိကတိုက်၌ သံရုံးအသစ် ၁၈ ရုံးကို ဖွင့်လှစ်ခဲ့သည်။ ယခုအခါ အဆိုပါသံရုံးများသည် ပုံမှန်လည်ပတ်နေပြီဖြစ်ပြီး အိန္ဒိယအာဏာပိုင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မူဝါဒရေးရာလေ့လာဆန်းစစ်သူများနှင့် အခြားသော ပညာရှင်များကို အာဖရိကရှိ ၎င်းတို့နှင့် သက်ဆိုင်ရာ ကဏ္ဍတူပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ပေးလျက်ရှိသည်။

နိုင်ငံရေးနှင့် သံတမန်ရေးရာ ဆွေးနွေးမှုများကို အဆင့်မြင့်ခေါင်းဆောင်များ၏ အပြန်အလှန်ခရီးစဉ်များဖြင့် စဉ်ဆက်မပြတ် ဖော်ဆောင်ခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် သုံးနှစ်ကြာ ရပ်နားခဲ့ရသော အဆိုပါခရီးစဉ်များကို ပြန်လည်စတင်ခဲ့ရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံဘက်မှ နိုင်ငံတော်အဆင့် အထူးခရီးစဉ် ၁၂ ကြိမ်ကို စီစဉ်နိုင်ခဲ့သည်။ ထိုခရီးစဉ်များအတွင်း အိန္ဒိယ သမ္မတ၊ ဒုတိယသမ္မတ သို့မဟုတ် ဝန်ကြီးချုပ်တို့သည် အာဖရိကနိုင်ငံပေါင်း ၁၇ နိုင်ငံမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံမှုများသည် အိန္ဒိယ၏ အကျိုးစီးပွားမှာ အရှေ့ပိုင်းနှင့် တောင်ပိုင်းအာဖရိကရှိ သမားရိုးကျ သံတမန်ရေးရာ နယ်ပယ်များတွင်သာမက အနောက်ပိုင်း၊ မြောက်ပိုင်းနှင့် အာဖရိကဦးချိုဒေသအထိပါ ကျယ်ပြန့်လာသည်ကို ပြသနေသည်။

ထို့ပြင် ကိုဗစ်ကပ်ရောဂါကို ရင်ဆိုင်ကျော်လွှားရာတွင်လည်း အိန္ဒိယသည် ရှေ့တန်းမှ ပါဝင်ခဲ့ပြီး အာဖရိကဒေသအနှံ့ရှိ နိုင်ငံများသို့ ကာကွယ်ဆေး၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။ ဤလုပ်ရပ်မှာ အနောက်နိုင်ငံအချို့က ၎င်းတို့တွင် ပိုလျှံနေသော ကာကွယ်ဆေးများကို အာဖရိကပြည်သူများ အလွန်အမင်းလိုအပ်နေချိန်၌ မျှဝေခြင်းမပြုဘဲ အလဟဿအထားခံခဲ့သည့် စိတ်မကောင်းဖွယ် လုပ်ရပ်များနှင့် များစွာကွာခြားလှပေသည်။

ဤမိတ်ဖက်ဆက်ဆံရေးတွင် ကဏ္ဍနှစ်ခုကို အထူးဂရုပြုရန်လိုအပ်သည်။ ပထမအချက်မှာ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး ယင်းမှာ နှစ်ဖက်စလုံးအတွက် အဓိကဦးစားပေးလုပ်ငန်းဖြစ်သည်။ ၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယနှင့် အာဖရိကအကြား ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၃ ဘီလီယံရှိမည်ဟု ခန့်မှန်းထားသည်။ အိန္ဒိယအစိုးရသည် ၂၀၃၀ ပြည့်နှစ်တွင် အဆိုပါပမာဏကို ဒေါ်လာ ၂၀၀ ဘီလီယံအထိ မြှင့်တင်ရန် ရည်မှန်းချက် ချမှတ်ထားသည်။ အာဖရိကတွင် အိန္ဒိယ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၈၀ ဘီလီယံရှိရာ ၎င်းပမာဏကိုလည်း တိုးမြှင့်ရန်နှင့် ကဏ္ဍစုံသို့ဖြန့်ကြက်ရန် လိုအပ်သည်။ ဤရည်မှန်းချက်အတွက် စီးပွားရေးခေါင်းဆောင်များနှင့် အစိုးရများထံမှ လက်တွေ့ကျသော လမ်းပြမြေပုံတစ်ခု လိုအပ်ပေသည်။

ဒုတိယအချက်မှာ ယဉ်ကျေးမှု၊ ပညာရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်တက္ကသိုလ်များ၊ မူဝါဒရေးရာလေ့လာဆန်းစစ်သည့်အဖွဲ့များ၊ မီဒီယာများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပံ့ပိုးပေးသော အတွေးအခေါ်ပိုင်းဆိုင်ရာ ဦးဆောင်မှုများဖြစ်သည်။ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရန်အတွက် စနစ်တကျ ပေါင်းစပ်ညှိနှိုင်းထားသော အစီအစဉ်တစ်ရပ်ကို ရေးဆွဲရမည်ဖြစ်သည်။ စုစုပေါင်း လူဦးရေ ၂ ဒသမ ၈ ဘီလီယံရှိသော နှစ်ဖက်ပြည်သူများသည် ယနေ့ရှိနေသည့် အခြေအနေထက် ပိုမိုကောင်းမွန်စွာ အပြန်အလှန် သိရှိနားလည်နိုင်ရန် ထိုက်တန်ပေသည်။

ဘက်စုံ၊ ကဏ္ဍစုံ ပါဝင်သော အိန္ဒိယ-အာဖရိက မိတ်ဖက်ဆက်ဆံရေးသည် အလားအလာကောင်းသော အနာဂတ်ရှိနေသည်။ သို့ရာတွင် ဒေသနှစ်ခုလုံးရှိ အဓိကဦးဆောင်သူများအနေဖြင့် ဤဆက်ဆံရေးကို နောက်တစ်ဆင့်သို့ မြှင့်တင်နိုင်ရန်အတွက် အချိန်၊ ဂရုစိုက်မှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ပိုမိုမြှုပ်နှံရန် လိုအပ်နေဦးမည်သာပင် ဖြစ်သည်။


သံအမတ်ကြီး

**ရာဂျစ်ဘာတီးယား**

**(သံအမတ်ကြီး ရာဂျစ်ဘာတီးယားသည် မွမ်ဘိုင်းမြို့ရှိ Gateway House ၏ ထင်ရှားသော သုတေသီတစ်ဦး ဖြစ်သည်။ ၎င်းသည် ကင်ညာ၊ တောင်အာဖရိကနှင့် လီဆိုသိုနိုင်ငံဆိုင်ရာ အိန္ဒိယမဟာမင်းကြီးဟောင်းတစ်ဦးဖြစ်သကဲ့သို့ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အိန္ဒိယ ကမ္ဘာ့ရေးရာကောင်စီ၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။ ၎င်း၏ 'India-Africa Relations: Changing Horizons' (Routledge, 2022) အမည်ရှိ စာအုပ်သည် ဝေဖန်ရေးသမားများ၏ ချီးကျူးဂုဏ်ပြုမှုကို ရရှိခဲ့သည်။)**

ဘာသာပြန်ဆိုသူ

သင်းဆက်ကျော်ရှိန်

## စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - သုံးကြောင်းတစ်ရာ စာကဗျာ
စာရေးသူ - မြင့်သိန်း(ပညာရေး)
ထုတ်ဝေသည့်စာပေတိုက် - သစ္စာရောင်ခြည်စာပေ
တန်ဖိုး - ၇၀၀၀ ကျပ်
စာမျက်နှာ - ၅၁ မျက်နှာ
မျက်နှာဖုံးဒီဇိုင်း - နေကမ္ဘာစိုး
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ




ဆရာအောင်တင်ဝင်း(ငါ့သရောက်)၏ ‘ပေါ့ပေါ့ပါးပါး လေးလေးနက်နက် ယှဉ်တွဲလျက်’ အမှာစာနှင့် စာရေးသူ၏ ကိုယ်ရေးအကျဉ်းတို့ဖြင့် ထွက်ရှိလာသည်။ သုံးကြောင်းကဗျာတိုများ စုစည်းထားသည်။

ဆရာမြင့်သိန်း(ပညာရေး)သည် ဖြိုး(မွေ့အလင်း)ကလောင်ခွဲဖြင့်လည်း ဘာသာရေးနှင့်ပတ်သက်သော ကဗျာ၊ ဆောင်းပါးများ ရေးနေသူတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် ‘ဘဝခရီးနှင့် အခြား ဆောင်းပါးများ၊ ၂၀၂၃ ခုနှစ်တွင် မွေ့ခရီးသည်နှင့် အခြား ဆောင်းပါးများ၊ ၂၀၂၄ ခုနှစ်တွင် ရင်ခွင်လမ်းကဗျာများ၊ ၂၀၂၄ ခုနှစ်တွင် ရင်နှင့်မွေးတဲ့ ချစ်ခြင်းဖွဲ့ပန်းကလေးများ စာအုပ်များထုတ်ဝေခဲ့သည်။ ယခု ငါးအုပ်မြောက်အဖြစ် သုံးကြောင်းတစ်ရာ စာကဗျာထွက်ရှိလာခြင်း ဖြစ်သည်။

မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

*-*-*-*-*

## ဖော်ညွှန်းသီ

စာအုပ်အမည် - ပန်းချီကဏ္ဍသစ်
စာရေးသူ - ဦးခင်မောင်(ဘဏ်)
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၅၀၀၀ ကျပ်
စာမျက်နှာ - ၇၅ မျက်နှာ
မျက်နှာဖုံးဒီဇိုင်း - Unsplash Image
ထုတ်ဝေသည့်ကာလ - ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

စာရေးသူပန်းချီဆရာ ဦးခင်မောင်(ဘဏ်) ၁၉၆၀ ပြည့်နှစ်က ရေးသားခဲ့သော ဆောင်းပါးတိုလေးများကို စုစည်းထားသည်။ ပန်းချီဆရာပေါ်ဦးသက်၏ တစ်ကြောင်းဆွဲပန်းချီ ရုပ်ပုံများဖြင့် မော်ဒန်အတ်၊ ခေတ်ပန်းချီကို လွယ်ကူရှင်းလင်း နားလည်စေရန် ရေးသားထားသည်။

စာအုပ်၏ ‘နိဂုံး’တွင် ‘မြန်မာပန်းချီကို ကျောခိုင်း၍ နိုင်ငံခြားပန်းချီကိုသာ ရေးကြီးခွင့်ကျယ် ပြုစုရသလောဟု အပြစ်ဖို့ပါလျှင် တက်တက်စင်လွဲချိမ့်မည်။ အခွင့်အခါရလျှင် မြန်မာ့ပန်းချီကို တတ်အားသရွေ့ တင်ပြလိုပါသည်။ စင်စစ်မှာ ဂျပန်ပြည် တိုးတက်ပုံကို အားကျမိသည်။ ဂျပန်လူမျိုးတို့ အနောက်ဘက် လှည့်ပုံကို သဘောပေါက်စေလိုပါသည်။

အချိန်ကာလအလျောက် တစ်ဟုန်ထိုး ပြောင်းလဲတိုးတက်နေသော ပန်းချီအခြင်းအရာ တစ်ရပ်ကိုသာ တင်ပြခြင်းဖြစ်ပါကြောင်း။ ယနေ့ ကျွန်တော့်အဖို့ မော်ဒန်အတ် (Modern Art)၏ ဘဲဥအစရှာ၍ တွေ့ပါပြီ’ဟု စာရေးသူက ဖွင့်ဆိုထားသည်။

မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။


*-*-*-*-*-*-*




စာအုပ်အမည် - ဘဝမှတ်တိုင်ကဗျာများ
စာရေးသူ - မတ္တရာသား
ထုတ်ဝေသည့်စာပေတိုက် - တမာပွင့်စာပေ
တန်ဖိုး - ၁၀၀၀၀ ကျပ်
စာမျက်နှာ - ၉၆ မျက်နှာ
မျက်နှာဖုံးဒီဇိုင်း - ရဲထက် (STAR)
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ

စာရေးသူမတ္တရာသားက ဘဝအတွေ့အကြုံစုံ၊ အတွေးစုံ၊ ဘဝစုံ၊ ခံစားမှုအစုံကို ကဗျာအဖြစ် ရေးဖွဲ့သီကုံးစပ်ဆိုထားခြင်းဖြစ်သည်။

ကဗျာအပုဒ် ၈၀ ပါဝင်ပြီး မန္တလေးနေ့စဉ်သတင်းစာ၊မတ္တရာမဂ္ဂဇင်းစသည်တို့တွင် ပါဝင်ခဲ့ဖူးသော ကဗျာအချို့လည်း ပါဝင်သည်။ အသက်အရွယ်အရ (၇၀)နှစ်ပြည့်ပြီးဖြစ်၍ ရင့်ကျက်သောအတွေး၊ အမြင်၊ အရေးတို့ဖြင့် မာန်မာနခဝါချ၍ ဓမ္မအကြောင်းများပါဝင်သည့် ကဗျာပန်းခင်း စာအုပ်တစ်အုပ်ဖြစ်သည်။




မျက်စိ
လျှကြ
မျက်ကြည်ရ၊
မြတ်သည့်
လျှဒါန။

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းခတ် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် မြို့နယ်ပညာရေးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်) နီလာခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်နိုင်က လူငယ်နှင့် စာရိတ္တပိုင်းဆိုင်ရာ သိကောင်းစရာများအကြောင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးကျော်ဌေးက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေးအကြောင်းတို့ကို အသိပညာပေးဟောပြောကြကာ ဟောပြောပွဲတွင် မေးခွန်းများဖြေဆိုနိုင်သည့် ကျောင်းသူတစ်ဦးကို ဂုဏ်ပြုငွေပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားအထောက်အကူပစ္စည်းများ ပေးအပ်ခဲ့သည်။

